Karen Information Center

# ကရင်သတင်းစဉ်

လူ့အခွင့်အရေး
တိုင်းရင်းသားအခွင့်အရေး
ဒီမိုကရေစီအရေး

အောက်တိုဘာလ၊ ၂၀၁၂ခုနှစ် The Karen Monthly Newsletter Volume(16), Issue(10)

## ခေါင်းဆောင်တွင်း သဘောထားကွဲလွဲမှု သင်ပုန်းချေ လိုက်ကြောင်း KNU ထုတ်ပြန်ပြောဆို

**အောက်တိုဘာလ ၂၇ရက်၊ ၂၀၁၂ခုနှစ်။**

**စောခါးစူးညား (ကေအိုင်စီ)**

အမျိုးသားစည်းလုံးညီညွတ်မှုကို ရှေးရှု၍ အဖွဲ့အစည်းအတွင်း ဖြစ်ပေါ်နေသော ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြီး သင်ပုန်းချေလိုက်ပြီးဖြစ်ကြောင်း ကရင်အမျိုးသားအစည်းအရုံး-KNU က ယနေ့ သဘောထား ထုတ်ပြန်လိုက်သည်။

ကရင်ပြည်နယ်၊ ဖားအံခရိုင် ကေအဲန်ယူထိန်းချုပ်နယ်မြေ လေးဝါးစခန်း၌ အောက်တိုဘာလ ၂၅ရက်မှ ၂၆ရက်နေ့အထိ ပြုလုပ်သော ကေအဲန်ယူ၏ အထူးအရေးပေါ် အစည်းအဝေးသို့ ဗဟိုအမြဲတမ်းကော်မတီနှင့် ဗဟိုအရံ အမြဲတမ်း ကော်မတီဝင် ၄၀ဦးတို့ တက်ရောက်ခဲ့ကြပြီး ထုတ်ပယ်ခံရသော ခေါင်းဆောင် ၃ဦး၏ ကိစ္စကို အချေအတင် ဆွေးနွေးခဲ့ကြပြီးနောက် ယင်းသို့ သင်ပုန်းချေခဲ့ကြခြင်း ဖြစ်သည်။

ကေအဲန်ယူ၏ တွဲဖက်အတွင်းရေးမှူး(၁) ဗိုလ်မှူးစောလှငွေက "ထုတ်ပယ်ခံရတဲ့ ခေါင်းဆောင်ကိစ္စကို ဆွေးနွေးတဲ့အခါမှာ သူ့ဘက်က သူမှန်၊ ကိုယ့်ဘက်က ကိုယ်မှန်နဲ့ အပြန်အလှန် ပြောဆိုလို့ မဆုံးနိုင်ဘူး။ ဒါကြောင့် စည်းလုံးညီညွတ်ရေးကို ရှေ့ရှုပြီး သင်ပုန်းချေလိုက်တာ အကောင်းဆုံးပဲဆိုပြီးတော့ အဲဒီခေါင်းဆောင်တွေကို မူလ တာဝန်ပြန်ပေးပြီး ၁၅ကြိမ်မြောက် ကွန်ဂရက်အထိ ဆက်လက် တာဝန်ယူသွားဖို့ သဘောတူခဲ့ကြတယ်"ဟု ကေအိုင်စီသို့ ပြောသည်။

အဆိုပါ အထူးအရေးပေါ် အစည်းအဝေးတွင် အဖွဲ့အစည်းအတွင်း ဖြစ်ပွားသည့်သဘောထားကွဲလွဲမှုများမှာကေအဲန်ယူဖွဲ့စည်းပုံအခြေခံဥပဒေ၏ အားနည်းချက်သာဖြစ်သောကြောင့် ၎င်းကို ခေါင်းဆောင်များအားလုံး တာဝန်ခံကာ ကျေအေးခဲ့ကြကြောင်းနှင့် ပြည်တွင်းပြည်ပမှ ကရင်ပြည်သူလူထုများလည်း ကေအဲန်ယူအတွင်း အုပ်စုကွဲမှုကို မဖြစ်ပွားလိုကြောင်း ဗိုလ်မှူးစောလှငွေက ဖြည့်စွက်ပြောဆိုသည်။

ယနေ့ထုတ်ပြန်သည့် ကေအဲန်ယူ၏ သဘောထားကြေညာချက်အရ လက်ရှိဖြစ်ပေါ်နေသော အဖွဲ့အစည်းအတွင်း အားနည်းချက်များကို ခေါင်းဆောင်များမှ ဦးစီးရှေ့ဆောင်၍ ညှိနှိုင်းအဖြေရှာကာ အခြေခံလမ်းစဉ်နှင့်အညီ အတူတကွ ဆက်လက် ချီတက်သွားကြမည်ဟူ၍ ဖော်ပြထားသည်။

ကေအဲန်ယူ၏ ဗဟိုကော်မတီဝင်တစ်ဦးဖြစ်သူ မန်းငြိမ်းမောင်က "ကေအဲန်ယူအတွင်းမှာ ဖြစ်ပွားခဲ့တဲ့ ပဋိပက္ခပေါ်မှာ တမျိုးသားလုံးက စိုးရိမ်မှုတွေ ကြီးမားစွာ ဖြစ်ပေါ်ခဲ့တယ်။ ဒီကိစ္စတွေကို ကျနော်တို့ ပြန်ကြည့်တဲ့အခါမှာ အလေးအနက်ထားပြီး ရေရှည်လုပ်ဆောင်ရမယ့်အရာတွေကို ရှေ့ရှုလုပ်ဆောင်သွားတာ ဖြစ်ပါတယ်"ဟု ပြောသည်။

တစ်ဆက်တည်းမှာပင် အဖွဲ့အစည်းအတွင်း ဖြစ်ပွားခဲ့သည့် ခေါင်းဆောင်များ၏ သဘောထားကွဲလွဲမှုများကို သင်ပုန်းချေခဲ့ပြီးဖြစ်၍ လာမည့် ဗဟိုကော်မတီအစည်းအဝေးကို ယခုလ ၃၁ရက်နေ့တွင် စတင်လုပ်ဆောင်သွားမည်ဖြစ်ပြီး ထိုမှတဆင့် ၁၅ကြိမ်မြောက် ညီလာခံကို နိုဝင်ဘာလ စတုတ္ထပတ်တွင် ကျင်းပသွားမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ ❑❑❑

## ကော့ကရိတ်-မြဝတီ တောင်ပတ် ကားလမ်းအသစ်ဖောက်ရန် ထိုင်း ကုမ္ပဏီမှ မကြာမီ စတင်တော့မည်




လက်ရှိ သွားလာနေသည့် မြဝတီ-ကော့ကရိတ် တောင်ပေါ်လမ်းကြောတစ်နေရာ

**အောက်တိုဘာလ ၂၇ရက်၊ ၂၀၁၂ခုနှစ်။**

**ဖိုးခွါးလေး (ကေအိုင်စီ)**

ကရင်ပြည်နယ်တောင်ပိုင်းရှိ ကော့ကရိတ်-မြဝတီ တောင်ပတ် လမ်း အသစ်ဖောက်လုပ်မည့် စီမံကိန်းကို ထိုင်းနိုင်ငံ လမ်းဖောက်လုပ်ရေးကုမ္ပဏီ (စီဆန်ကန်ယိုထ)က ယခုနှစ် နှောင်းပိုင်းတွင် လုပ်ငန်းစဉ် ပြန်လည်စတင်တော့မည်ဖြစ်ကြောင်း သိရသည်။

လမ်းဖောက်လုပ်ရေးသည် ဦးစွာအနေဖြင့် နယ်မြေတိုင်းထွာပြီး သဃ်န်းညီနောင်မှကော့ကရိတ်အထိ ထိုင်းအစိုးရမှ လမ်းကြောအသစ်ဖောက်လုပ်ပေးမည်ဖြစ်သည်ဟု ကရင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး စောခင်မောင်မြင့်က ကေအိုင်စီသို့ ပြောသည်။

"လမ်းဖောက်လုပ်ရေး အတွက် အသုံးပြုရမယ့် စက်ယန္တရားတွေ မြဝတီဘက်ကို ရောက်နေပြီ။ လောလောဆယ်မှာတော့ မြေတွေကို လိုက်ပြီးတော့ တိုင်းထွာနေတယ်။ ပြီးရင် လမ်းကိုဖောက်မယ်"ဟု စောခင်မောင်မြင့်က ပြောသည်။

ထိုင်း-မြန်မာ နှစ်နိုင်ငံခေါင်းဆောင်များ သဘောတူညီချက်ဖြင့် ပြုလုပ်သည့် လမ်းဆောက်လုပ်ရေး စီမံကိန်းကို အာရှဖွံ့ဖြိုးရေးဘဏ်၏ အကူအညီဖြင့် ထိုင်းနိုင်ငံ လမ်းဖောက်လုပ်ရေးကုမ္ပဏီ (စီဆန်ကန်ယိုထ)က တာဝန်ယူ လုပ်ဆောင်ပေးသွားမည် ဖြစ်သည်။

လက်ရှိကော့ကရိတ်-မြဝတီ တောင်ပေါ်လမ်းသည် မိုင်အကွာအဝေး ၄၀မိုင်ခန့်ရှိပြီး ၃နာရီကျော် လမ်းခရီး ကြာမြင့်ကာ ယခု စီမံကိန်း ပြီးမြောက်အောင်မြင်ပါက ခရီးအကွာအဝေးမှာ သုံးပုံတစ်ပုံ လျော့ကျလာမည်ဖြစ်သည်။

ကော့ကရိတ်-မြဝတီ ဆိုင်ကယ်ပြေးဆွဲသူတစ်ဦးက "လမ်းအ သစ်ဖောက်မယ်ဆိုရင် ကျနော်တို့ တက္ကစီပြေးဆွဲသူတွေအတွက် တစ် နေ့ကို တစ်ခေါက်နှစ်ခေါက် တောင် အသွားအပြန် သွားလို့ရတယ်။ အခု လမ်းက သိပ်ကျင်းတော့ အန္တရာယ် အရမ်းများတယ်။ နောက် လမ်းက အရမ်းပျက်တော့ မိုးရွာရင် တစ်လမ်း လုံး ချိုင့်ခွက်၊ ဗွက်အိုင်တွေပဲ"ဟု ပြောသည်။

၎င်းစီမံကိန်းတွင် မြန်မာအင် ဂျင်နီယာများနှင့်ဝန်ထမ်းများက ကြီး ကြပ်တာဝန်ယူပေးမည်ဖြစ်ပြီး စက် ယန္တရားများကို နှစ်ဖက်ကျွမ်းကျင်သူ များက ကိုင်တွယ်လုပ်ဆောင်သွား မည်ဖြစ်ကြောင်း ကရင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး စော ခင်မောင်မြင့်က ဆက်လက် ပြောဆို သည်။

ကော့ကရိတ်-မြဝတီ လမ်း ဖောက်လုပ်ရေးစီမံကိန်းကို ပြီးခဲ့သည့် ၂၀၀၄ခုနှစ်က စတင် ဆောင်ရွက်ရန် စီစဉ်ထားခဲ့သော်လည်း ကရင်အမျိုး သားအစည်းအရုံး-KNU လှုပ်ရှား ရာနယ်မြေဖြစ်သည့်အတွက် နယ်မြေ အေးချမ်းမှု မရှိဟုဆိုကာ ၂၀၀၅ခုနှစ် တွင် လုပ်ငန်းကို ရပ်နားထားခဲ့ပြီး ယခုမှသာ ပြန်လည် စတင်ရန် လုပ် ဆောင်လာခြင်းဖြစ်သည်။ ❑❑❑




ကေအဲန်ယူ၏ အထူးအရေးပေါ် အစည်းအဝေး ကျင်းပနေစဉ်

## အမှောင်ခင်ညများကို ကျော်ခိုင်းလျက်

စာမျက်နှာ-၆သို့ >>>

## ပဋိပက္ခဟူသည် ရင်ဆိုင်နေရဦးမည့်အရာ (အယ်ဒီတာ့အာဘော်)

နေ့စဉ်၊ လစဉ်၊ နှစ်စဉ် အချိန်တိုင်းဖြစ်ပျက် ပြောင်းလဲနေမှုများ၌ ပဋိပက္ခ၊ ပြဿနာများမှာ ဒွန်တွဲပါဝင်နေသည်ချည်းသာဖြစ်သည်။ သို့သော် ဤပဋိပက္ခများမှာ သူ့အလိုအလျောက် ပေါ်ပေါက်လာခြင်းမဟုတ်ဘဲ ဖန်တီးလုပ်ဆောင်သူများကြောင့်သာ ဖြစ်လာရခြင်း ဖြစ်ပေသည်။

မြန်မာပြည်တွင်း၏ ပြည်တွင်းစစ် ပဋိပက္ခမှာလည်း နိုင်ငံရေးအပေါ် အခြေခံကာ ဖြစ်တည်ခဲ့ကြရင်းက မတည်ငြိမ်မှုများ၊ မငြိမ်းအေးမှုများကို ပစ္စက္ခတ်အချိန်ထိ မြင်တွေ့ခံစားနေကြရသည်။ လက်ရှိအစိုးရလက်ထက်တွင် စီးပွားရေးပိတ်ဆို့မှု(စန်ရှင်)များ လျော့ကျလာပြီးနောက်ပိုင်း မြန်မာ့စီးပွားရေးလုပ်ငန်းတွင်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို လမ်းဖွင့်ပေးခဲ့သည်။ ယင်းခွင့်ပြုချက်များ၏ အကျိုးဆက်သက်ရောက်မှုများအဖြစ် စိုက်ပျိုး လယ်ယာမြေများ၊ ဥယျာဉ်ခြံများ၊ ဘိုးဘွားပိုင်မြေလွတ်မြေရိုင်းများကို အဓမ္မသိမ်းဆည်းခံရမှု ပိုမိုများပြားလာခဲ့သလို မြေယာအငြင်းပွားမှု တိုင်ချက်များကို ညှိနှိုင်းရန်အတွက် အစိုးရက မြေယာပဋိပက္ခ ဖြေရှင်းရေးကော်မတီတစ်ရပ် ဖွဲ့စည်းခဲ့ရသည်။

အပြောင်းအလဲကောင်းတခုကို မြင်တွေ့လိုသည်ဆိုပါက စီးပွားရေးသမားများအနေဖြင့် မိမိလုပ်ပိုင်ခွင့်အပေါ် ရရှိမည့် အကျိုးအမြတ် တစ်ခုတည်းကို သာမမြင်ဘဲ လူသားဆိုင်ရာ ပိုင်ဆိုင်မှု၊ အခွင့်အရေးများကိုလည်း လေးစားလိုက်နာ လုပ်ဆောင်သွားသင့်သည်။ မိမိတစ်ဘို့ ကောင်းစားရေး အတွက်သာ ရှုမြင်၍ လုပ်သွားမိပြီးမှ ဖြစ်ပေါ်လာသည့် ပဋိပက္ခ၊ ပြဿနာများကို နည်းလမ်းပေါင်းစုံ ရှာဖွေကြံဆ ဖြေရှင်းနေရခြင်းသည် တိုင်းပြည်တစ်ခုအတွက် ကောင်းသောရလဒ်မဟုတ်။ မပြုမီက ပြင်ဆင်သင့်သည်။

ငွေကြေးပိုင်ဆိုင်သူ လုပ်ငန်းရှင်များနှင့် အုပ်ချုပ်သူလူတန်းစားများသည် လူ့အခွင့်အရေးနှင့် နိုင်ငံတကာအတွေ့အကြုံပေါင်းစုံကို သိရှိထားကြသော်လည်း သာမန်လူထု၏ ရေရှည်ဘဝ ထိခိုက်နစ်နာမှုကို လုံးဝ မထည့်တွက်ကြသူများဖြစ်သည်။ဗမာပြည်တွင်အုပ်စိုးသူများသာဦးစားပေးခံ၊အလေးစားခံ၊ အရိုသေခံရသူများ ဖြစ်နေသည့် ကျင့်ဝတ်ဆိုးမှာ နှစ်ပေါင်းရှည်ကြာစွာ ခေါက်ရိုးကျိုးလာခဲ့သော စနစ်ပျက်၊ စနစ်ဆိုးတစ်မျိုး ဖြစ်သည်။ အစိုးရသာ မြေယာပိုင်ဆိုင်သည်ဟု မှတ်ယူထားသူများကြောင့် သာမန်အလုပ်သမား၊ လယ်သမားလူတန်းစားများမှာ နေစရာမြေမရှိ၊ ခိုစရာအရိပ်မရှိ ဖြစ်ကြရသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က အောက်တိုဘာ ၂၅ရက်တွင် ရပ်တန့်ရန် တောင်းဆိုရသည်အထိ ထပ်မံ ဖြစ်ပွားခဲ့သည့် ရခိုင်ပြည်နယ်မှ အကြမ်းဖက်မှုအပြင် လက်ပန်းတောင်းတောင် ကြေးနီစီမံကိန်းကိစ္စ၊ ကချင်စစ်ပြေးဒုက္ခသည်များ၏ ဒုက္ခ၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများ၏ လူ့အခွင့်အရေးချိုးဖောက်မှု၊ အခွန်အတုပ်ပြဿနာ၊ အလုပ်လက်မဲ့ပြဿနာနှင့် ဒုက္ခသည်အရေးအရာများမှာလည်း ပြည်တွင်းစစ် ချုပ်ငြိမ်းစေသည့် ကန္တာရ ဗမာပြည်၏ ငြိမ်းချမ်းရေး အိုအေစစ်အတွက် လှမ်းလက်စ ခြေလှမ်းများကို နှောင့်နှေးကြန့်ကြာစေသည်။

ထိုနှောင့်နှေးမှုများရှိနေသည့် အချိန်ကာလအတွင်း တိုင်းပြည်ကို ချို့တဲ့၊ ဆုတ်ယုတ်၊ ပျက်စီး၊ ယိုယွင်းစေခဲ့သည့် နိုင်ငံရေးစနစ်နှင့် လူမှုပဋိပက္ခ ဒဏ်ပေါင်းစုံကို ခံစားလာခဲ့ရသည့် တိုင်းသူပြည်သားများမှာ ဆက်လက်၍ ထုသားပေသားကျစွာ ရင်ဆိုင်သွားနေရဦးမည်ဖြစ်သည်။ သို့ဖြစ်ရာ အစိုးရအနေဖြင့်လည်း လွတ်လပ်သည့် ပြည်သူ့ဆန္ဒများနှင့်အတူ အပေါ်ယံမဆန်စွာ လက်တွေ့ကျကျ၊ စေတနာမှန်မှန် ဒိုးတူဘောင်ဖက် ဖြေရှင်းလုပ်ဆောင် သွားကြစေချင်ပါသည်။

❑❑❑

# ကရင်တိုင်းရင်းသားတို့၏ စည်းလုံးမှုကို မဖြိုခွဲသင့်ဟု ဥရောပရောက် ကရင်ကွန်ယက်ပြောဆို

**အောက်တိုဘာလ ၅ရက်၊ ၂၀၁၂ခုနှစ်။**

**စောခါးစူးညား (ကေအိုင်စီ)**

မြန်မာအစိုးရနှင့် ထောက်ပံ့ကူညီပေးနေသော အဖွဲ့အစည်းများသည် ကရင်တိုင်းရင်းသားတို့၏စည်းလုံးညီညွတ်ရေးကို မဖြိုခွဲသင့်ကြောင်း ဥရောပရောက်ကရင်ကွန်ယက်-EKNမှ ယမန်နေ့က ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

ကရင်အမျိုးသား အစည်းအရုံး-KNU ဗဟိုက ၎င်း၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်၃ဦးဖြစ်သည့် ဗိုလ်ချုပ်ကြီးမူတူးစေးဖိုး၊ ဗဟို တရားရေးဌာန တာဝန်ခံ ပဒိုဒေးဗစ်ထော၊ ကျန်းမာရေးနှင့် ကယ်ဆယ်ရေးဌာန တာဝန်ခံ ပဒိုရောဂျာခင်တို့ကို အဖွဲ့အစည်းမှ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်မှုဖြင့် ဟူ၍ တာဝန်ရပ်စဲကြောင်း သတင်းထွက်ပေါ်ပြီးနောက် EKN မှ ယင်းသို့ ကြေညာချက် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

EKN ၏ ပြောခွင့်ရပုဂ္ဂိုလ် နော်ဝေးနိုင်ငံရောက် ပဒိုစောဇော်နောင်က “မြန်မာအစိုးရဟာ KNU နဲ့ တွေ့ဆုံဆွေးနွေးပွဲ လုပ်ဆောင်တဲ့နေရာမှာ မရိုးသားဘူး။ နောက်တစ်ချက်က နိုင်ငံခြားကပေးတဲ့ အကူအညီဟာ ပွင့်လင်းမြင်သာမှုမရှိဘဲနဲ့ ကျနော်တို့ အဖွဲ့အစည်း(KNU)ကို ရှုတ်ထွေးအောင် ဖြစ်ပေါ်စေတယ်ဆိုတာထောက်ပြချင်တာပါ”ဟု ကေအိုင်စီသို့ ပြောသည်။

ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်၍ ယခုနှစ် ဇန်နဝါရီလက KNUနှင့် အစိုးရတို့၏ သဘောတူညီချက် ၁၁ချက်နှင့်အညီ အစိုးရသည် KNU အထွေထွေအတွင်းရေးမှူး နော်စီဖိုးရာစိန် ဦးဆောင်သည့် ဗဟိုအဖွဲ့ကို စနစ်တကျ တွေ့ဆုံဆွေးနွေးသကဲ့သို့ တစ်ဖက်၌လည်း ဗဟိုဌာနချုပ်သို့ သတင်းမပေးဘဲ ၎င်းတို့နှင့် သွားရောက်တွေ့ဆုံသည့် KNU စစ်ဖက်ခေါင်းဆောင် ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုးကို တွေ့ဆုံခြင်းမှာ ခွဲထုတ်သည့်သဘောဆောင်ကြောင်း သူက ဆက်ပြောသည်။

ဆက်လက်၍ မြန်မာအစိုးရအနေဖြင့် ကရင်လူမျိုးများနှင့် နိုင်ငံတကာသို့ စစ်မှန်သော ငြိမ်းချမ်းရေးနှင့် ဆွေးနွေးပွဲများကို အလိုရှိသည်ဟု ဖေါ်ပြလိုပါက ယခင်ကျင့်သုံးခဲ့သည့် သွေးခွဲအုပ်ချုပ်သော နည်းဗျူဟာဟောင်းကြီးကို ရပ်တန့်ကာ ဖားအံ၌ ဖွင့်လှစ်ခဲ့သည့် တရားမဝင် ဆက်ဆံရေးရုံးဖွင့်နေခြင်းကို တားမြစ်သင့်သည်ဟု EKN ကြေညာချက်တွင် ပါရှိသည်။

မြန်မာပြည်တွင်းသို့ဝင်ရောက်ကူညီပေးနေသည့် အဖွဲ့အစည်းများမှာ KNU အား အသိပေးအကြောင်းမှုများနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှု မရှိကြောင်းနှင့် လက်ရှိအစိုးရ၏လုပ်ဆောင်ချက်များသည် ဒီမိုကရေစီဘက်သို့ ဦးလှည့်နေသည်ဟုဆိုသော်လည်း ကရင်ဒေသတွင် သိသာထင်ရှားသည့် ပြောင်းလဲမှုများ မတွေ့ရကြောင်း ပဒိုစောဇော်နောင်က ဆိုသည်။

မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်ကူညီပေးနေသည့် Myanmar Peace Support Initiative ၏ လုပ်ဆောင်ချက်သည် ကရင်တိုင်းရင်းသားအဖွဲ့အစည်းများနှင့် တိုင်ပင်အကြံပေးမှုများ ရယူမှုမရှိခြင်းတို့ကြောင့် သံသယစိတ်များပို၍ကြီးထွားစေပြီးထောက်ပံ့သင့်သည့်အရာများကို မပြုလုပ်ဘဲ ဖားအံဆက်ဆံရေးရုံးခန်း ဖွင့်လှစ်ခြင်းအတွက် ထောက်ပံ့ကူညီနေခြင်းသည် KNU ၏ စစ်မှန်သော ငြိမ်းချမ်းရေး ဖေါ်ဆောင်မှုလုပ်ငန်းစဉ်အတွက် အဟန့်အတားဖြစ်နိုင်သည်ဟုလည်း EKN ကြေညာချက်၌ ဖေါ် ပြထားသည်။

ထို့အပြင် ၂၀၀၄ခုနှစ် စစ်အစိုးရလက်ထက်ကလည်း KNU နှင့် တွေ့ဆုံဆွေးနွေးမှုတွင် အပေါ်အောက် ခွဲခြားဖဲ့ထုတ်စည်းရုံးမှုများ ပြုလုပ်ကာ နောက်ဆုံးတွင် တပ်မဟာ(၇)မှူးဟောင်း ဗိုလ်မှူးချုပ်စောထင်မောင် မိခင်အဖွဲ့အစည်းမှ ခွဲထုတ်သွားသည့် သာဓကရှိခဲ့ပြီး ယခုလည်း အလားတူ ပုံစံမျိုးတွေ့ရကြောင်း ပဒိုစောဇော်နောင်က ဖြည့်စွက်ပြောဆိုသည်။

EKN က ၎င်းတို့၏ ကြေညာချက်နိဂုံးတွင် ကရင်လူမျိုးများ ရင်ဆိုင်ကြုံတွေ့နေရသည့် မြန်မာအစိုးရ၏သွေးခွဲသပ်သျှိုချေမှုဖျက်ဆီးခြင်း၊ ယဉ်ကျေးမှုနှင့် လူမျိုးတုံးစေခြင်းစသည့်အဖြစ်များကို အမြဲသတိရှိကြရန် လိုအပ်ပြီး KNU ၏ စစ်မှန်သော ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းအားထုတ်မှုများကို ဆက်လက်ထောက်ခံအားပေးသွားမည်ဟု ထည့်သွင်းထားသည်။

ဥရောပရောက် ကရင်ကွန်ယက်-EKN ကို ဒိန်းမတ်၊ ဆွီဒင်၊ နော်ဝေးနှင့် အင်္ဂလန်နိုင်ငံရောက် ကရင်အသင်းအဖွဲ့များ စုပေါင်း၍ ဖွဲ့စည်းထားသည့် ကွန်ယက်အဖွဲ့အစည်းတစ်ခု ဖြစ်သည်။

❑❑❑

---

# ကေအဲန်ယူဗဟိုအဆင့် ပြဿနာများကို တွေ့ဆုံဆွေးနွေး ဖြေရှင်းနိုင်ရေး လုပ်ဆောင်သွားမည်

**အောက်တိုဘာလ ၁၂ရက်၊ ၂၀၁၂ခုနှစ်။**

**နန်းသူးလေ (ကေအိုင်စီ)**

ကရင်အမျိုးသားအစည်းအရုံး(KNU) ဗဟိုအဆင့်တွင် လတ်တလောဖြစ်ပျက်နေသည့် ပြဿနာများနှင့် ပတ်သက်၍ ဆက်သွယ်မှုများရရှိကာ အပြန်အလှန် ဆွေးနွေးသွားနိုင်ရေးကို အချိန်ယူ၍ ဆက်လက် လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း KNLA တပ်မဟာ(၇)မှ တာဝန်ရှိသူ တပ်မှူးတစ်ဦးက ပြောသည်။

၎င်းတပ်မှူးက “ကျနော်တို့ အချင်းချင်း ဆက်သွယ်လို့လည်း ရသွားပါပြီ။ ရှေ့ဆက်ပြီးတော့ အခုဖြစ်နေတဲ့ ပြဿနာတွေကို အားလုံး တွေ့ဆုံကြပြီး အကောင်းဆုံးဖြစ်အောင် ဖြေရှင်းသွားကြတော့မှာပါ”ဟု ပြောသည်။

ထိုအခြေအနေကြောင့် KNU ဗဟိုဌာနချုပ်၏ တာဝန်မှ ရပ်စဲခံထားရသည့် KNLA စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးမူတူးစေးဖိုးက ဦးဆောင်ပြုလုပ်မည့် အောက်တိုဘာလ ၁၃ရက်နေ့ မြဝတီဆက်ဆံရေးရုံးမှ သတင်းစာရှင်းလင်းပွဲကို ဖျက်သိမ်းလိုက်ကြောင်း ဖိတ်ကြားထားသူများက သတင်းသမားများအား ယမန်နေ့ညနေက အကြောင်းကြားခဲ့သည်။

လက်ရှိအချိန်သည် မြန်မာအစိုးရနှင့် ကေအဲန်ယူအကြား ငြိမ်းချမ်းရေးဖော်ဆောင်ရန် တွေ့ဆုံဆွေးနွေးနေသည့် အရေးကြီးချိန်ဖြစ်၍ တမျိုးသားလုံးလိုလားသည့် ပန်းတိုင်ရောက်ရှိရေးအတွက် အတူတကွ လက်တွဲလုပ်ဆောင်သွားလျှင် ကောင်းမွန်ကြောင်း ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်မှ နန်းဖောင်က ပြောဆိုသည်။

၎င်းအပြင် ကရင့်အမျိုးသားအစည်းအရုံး(KNU)အနေဖြင့် ယခုလတ်တလောဖြစ်ပွားနေသည့် ပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် နည်းလမ်းများ ရှာဖွေပြီး အချင်းချင်း အပြန်အလှန် ညှိနှိုင်းဆွေးနွေးသွားကြမည်ဖြစ်ကြောင်း KNU မှ အထွေထွေအတွင်းရေးမှူး နော်စီဖိုးရာစိန်က ကရင်ပြည်သူလူထုထံ အသိပေးစာတစ်စောင် အောက်တိုဘာ ၁၀ရက်နေ့က ပေးပို့ခဲ့သည်။

ထိုစာထဲတွင် ကရင့်တော်လှန်ရေးကို ဦးဆောင်ဆင်နွှဲနေသည့် KNU သည် ကရင်တမျိုးသားလုံးအတွက် ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စုရရှိရေး အတွက်လည်း အုပ်ချုပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ချမှတ်ထားပြီးဖြစ်၍ ကရင့်တပ်မတော်(KNLA)အနေဖြင့်လည်း မိမိတို့၏ အရည်အချင်းများနှင့်အတူ ၎င်းစည်းကမ်းများကို လိုက်နာရမည်ဟု ရေးသားထားသည်။

ထို့အပြင် ကေအဲန်ယူနှင့် ပတ်သက်၍ ထွက်ပေါ်နေသော သတင်းများမှာ မဟုတ်မမှန်ကြောင်းနှင့် ခေါင်းဆောင်များအနေဖြင့်လည်း ကရင်တမျိုးသားလုံး အကျိုးရှေးရှု၍ စည်းစည်းလုံးလုံးနှင့် ပြဿနာများကို တွေ့ဆုံဖြေရှင်းနေကြကြောင်းလည်း ကရင်ပြည်သူလူထုတစ်ရပ်လုံး သိစေရန် ကေအဲန်ယူဗဟိုမှ ကြေညာချက်တစ်စောင်ကို ယမန်နေ့က ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ယခင်က အဖွဲ့အစည်းတွင်း ရှိခဲ့သည့် ကွဲပြဲမှုများကြောင့် တမျိုးသားလုံး၏ အကျိုးစီးပွားကိုသာ ထိခိုက်စေခဲ့ပြီး ယခုကဲ့သို့ ကေအဲန်ယူခေါင်းဆောင်များ အချင်းချင်း အပြန်အလှန် နားလည်မှုများ ရရှိသွားသည့်အပေါ် ဝမ်းမြောက်ရကြောင်း ဩစတြေးလျားနိုင်ငံရောက် ကရင်လူငယ်တစ်ဦးက ပြောသည်။

သူက “အခုလို အရေးကြီးတဲ့အချိန်မှာ ကျနော်တို့တွေ ညီညီညွတ်ညွတ်၊ ကျစ်ကျစ်လစ်လစ်ရှိဖို့ အထူးအရေးကြီးပါတယ်။ ဒါကြောင့် ယခုလိုခေါင်းဆောင်တွေ ညီညွတ်မှုတွေ ရလာတာကနေ ကရင့်တမျိုးသားလုံး အကျိုးကိုဆက်လက်ပြီးတောင်းဆိုတိုက်ပွဲဝင်သွားမယ်လို့လည်းယုံကြည်ပါတယ်”ဟု ပြောသည်။

အလားတူ ကေအဲန်ယူ ခရိုင်နှင့် တပ်မဟာအဆင့် တာဝန်ရှိသူများက အဖွဲ့အစည်း စုစည်းညီညွတ်ရေးကို ဦးတည်သည့် ညှိနှိုင်းဆွေးနွေးမှုကို ယခုရက်ပိုင်းအတွင်း လုပ်ဆောင်သွားမည်ဟုလည်း ၎င်းတို့အသိုင်းအဝိုင်းအတွင်း ပြောဆိုနေကြသည်။

ဗိုလ်ချုပ်ကြီးမူတူးစေးဖိုးနှင့် ကေအဲန်ယူ ခရိုင်၊ တပ်မဟာ ခေါင်းဆောင်အချို့ ပါဝင်သည့် ၃၁ဦးပါအဖွဲ့သည် ဖားအံမြို့သို့ စက်တင်ဘာ ၂၇ရက်နေ့က KNLA တပ်မဟာများ ဆက်ဆံရေးဖွင့်ရန် ထွက်ခွာခဲ့သည့် ခရီးစဉ်နှင့်ပတ်သက်၍ KNU ဗဟိုဌာနချုပ်မှ ၎င်းတို့၏ အစီအစဉ်မဟုတ်ကြောင်း ထိုနေ့တွင်ပင် ကြေညာချက် ထုတ်ပြန်ခဲ့သလို KNU ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ၁၁ဦးအနက် ဗိုလ်ချုပ်ကြီးမူတူးစေးဖိုး၊ ပဒိုစောရောဂျာခင်နှင့် ပဒိုစောဒေးဗစ်ထောတို့ကို တာဝန်မှ ထုတ်ပယ်လိုက်ကြောင်း ကေအဲန်ယူ ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးက ဆုံးဖြတ်ခဲ့သည်။❑❑❑


## ကရင်သတင်းစဉ်

| | |
|---|---|
| တာဝန်ခံအယ်ဒီတာ | နန်းဖော့ဂေ |
| လက်ထောက်အယ်ဒီတာ | စောခါးစူးညား |
| ဌာနစီမံခန့်ခွဲရေး | နန်းထူးခံ |
| သတင်းထောက်များ | ဖိုးခွားလေး၊စဖန်းရှောင်း |
| | နန်းသူးလေ၊ နန်းယဉ် |
| | နော်ဆဲကလယ် |
| ကရင်ပိုင်းဘာသာပြန် | စောကရီး |
| စာစောင်အပြင်အဆင် | စောသောကြာ |



### ဆက်သွယ်ရန်

kicnews@yahoo.com
P.O Box 22
Mae-Sot, 63110
Tak, Province
Thailand
+66(0)55534744
<www.kicnews.org>

# နိုင်ငံသားစိစစ်ရေးကဒ် လုပ်ဆောင်သူများထံမှ ရွာလူကြီးအချို့ ငွေကောက်ခံခဲ့

**အောက်တိုဘာလ ၁၂ရက်၊ ၂၀၁၂ခုနှစ်။**

**စောခါးစူးညား (ကေအိုင်စီ)**



ကရင်ပြည်နယ်၊ မြဝတီမြို့နယ် ထီးဝါပလောနှင့် ပနောကလဲခီး (သံပုရာ)ကျေးရွာတို့၌နိုင်ငံသားစိစစ်ရေးကဒ်ပြားကိုအခမဲ့လုပ်ဆောင်ပေးနေသော်လည်း ရွာသူရွာသားများနှင့် ကျောင်းသားများမှာ ကျေးရွာလူကြီးများအား ငွေပေးဆောင်ခဲ့ရကြောင်း စိစစ်ရေးကဒ် လုပ်ဆောင်ခဲ့သူများက ပြောသည်။

မြဝတီမြို့နယ် လူဝင်မှုကြီးကြပ်ရေးဌာန(လဝက)နှင့် Norwegian Refugee Council -NRC တို့သည် ယင်းကျေးရွာများ၌ တရွာလျှင် နှစ်ရက်နှုန်းဖြင့် စက်တင်ဘာလကုန်ပိုင်းမှစ၍ အောက်တိုဘာလ ၅ရက်နေ့အထိ စိစစ်ရေးကဒ်ရိုက်ပေးရာတွင် ရွာလူကြီး အချို့မှ လူတစ်ဦးလျှင် ကျပ်ငွေ ၁,၀၀၀မှ ၅,၀၀၀ထောင်အထိ ကောက်ခံခဲ့သည်ဟု ထီးဝါပလောရွာသားတစ်ဦးက ကေအိုင်စီသို့ ပြောသည်။

၎င်းက "အခမဲ့လို့တော့ပြောထားတယ်။ ဒါပေမယ့် မရိုက်မီ ရွာသူကြီးဆီ နာမည်အရင်သွားထိုးရပြီး မြန်မာကျပ်ငွေ ငါးထောင်ပေးရတယ်။ ကျောင်းသားကျောင်းသူတွေက တစ်ထောင်ပဲ ပေးရတယ်"ဟုပြောသည်။

ထို့အတွက် ငွေကြေးမတတ်နိုင်သည့် အချို့ရွာသားများမှာ နိုင်ငံသားစိစစ်ရေးကဒ်ကိုလာရောက်လုပ်ဆောင်ခြင်း မရှိတော့သဖြင့် ၎င်းတို့အတွက် နစ်နာရကြောင်း အဆိုပါရွာသားက ဆက်လက် ပြောဆိုသည်။

ထိုသို့ ငွေကောက်ခံခြင်းမှာ ထီးဝါပလောရွာလူကြီးဟောင်းတစ်ဦးက စိစစ်ရေးကဒ် လာရောက်ရိုက်ပေးသူ လဝကနှင့် NRC ဝန်ထမ်းများအတွက် လိုအပ်သော အထွေထွေကုန်ကျစရိတ်အဖြစ် ၃,၀၀၀ကျပ်သာ ကောက်ခံခြင်းသာဖြစ်သည်ဟု ဒီဗွီဘီသတင်းဌာန ကရင်ပိုင်း ရေဒီယိုအစီအစဉ်တွင် ပြောဆိုထားသည်။

သို့သော် NRC ဝန်ထမ်းများအနေဖြင့် ကရင်ပြည်နယ်အတွင်း One Stop Service (နေ့ချင်းတွင်းအပြီး) စနစ်ဖြင့် စိစစ်ရေးကဒ်ကို အခမဲ့ရိုက်ပေးနေခြင်းဖြစ်ပြီး ၎င်းတို့၏ သွားလာရေး၊ အစားအသောက်နှင့် အခြားကုန်ကျစရိတ်အားလုံးကို ကွင်းဆင်းခရီးစဉ်နှင့် တစ်ပါတည်း စီစဉ်ထားပြီးဖြစ်ကြောင်း မှတ်ပုံတင်လိုက်လံလုပ်ပေးသည့်အဖွဲ့တို့နှင့် နီးစပ်သူတစ်ဦးက ပြောဆိုသည်။

"NRCဝန်ထမ်းတွေက အစစအရာရာ စရိတ်အားလုံးကို ဌာနက စီစဉ်လာခဲ့ပြီးသား။ ဒီလို ရွာသူကြီးတွေ လုပ်တာကြားလို့ စိတ်မကောင်းဘူး။ ဘာဖြစ်လဲဆိုတော့ အဲလို ငွေကောက်ခံတဲ့အခါ တချို့လူတွေ မှတ်ပုံတင်(စိစစ်ရေးကဒ်) လိုချင်လျှက်သားနဲ့ မရိုက်ဖြစ်တော့ဘူးလေ"ဟု ဆိုသည်။

အလားတူ မြဝတီမြို့နယ်၊ ပနောကလဲခီးရွာတွင် ရွာလူကြီးမှ မှတ်ပုံတင်တခါမျှ မရိုက်ရသေးသူအား ၄,၅၀၀ကျပ်၊ မှတ်ပုံတင် အဟောင်းမှ အသစ်သို့ ပြန်လဲလှယ်သူအား ၃,၅၀၀ကျပ် ကောက်ခံလျှက်ရှိသည်ဟု ဒေသခံများက ပြောဆိုနေကြသည်။

ယခု အောက်တိုဘာလ အတွင်း မြဝတီမြို့နယ်မှာ နိုင်ငံသား စိစစ်ရေးကဒ် ပြုလုပ်ပြီးသူဦးရေ ၇၀၀ နီးပါး ရှိပြီဖြစ်ကြောင်း သိရသည်။

❑❑❑

# ရေနက်ဆိပ်ကမ်းစီမံကိန်းကြောင့် သီးနှံများ မစိုက်ပျိုးနိုင်၍ နဘုလယ်ဒေသခံအချို့ အခက်ကြုံ

**အောက်တိုဘာလ ၂၄ရက်၊ ၂၀၁၂ခုနှစ်။**

**နန်းသူးလေ (ကေအိုင်စီ)**

တနင်္သာရီတိုင်း ရေဖြူမြို့နယ် အတွင်းရှိ အီတာလျံ့ထိုင်းကုမ္ပဏီမှ ရေနက်ဆိပ်ကမ်း တည်ဆောက်မည့် ဇရိယာထဲတွင် ပါဝင်နေသည့် နဘုလယ်ဒေသခံအချို့သည် စီမံကိန်းများကြောင့် ယခုနှစ် မိုးရာသီကာလမှ စတင်ပြီး ရာသီစားသီးနှံများ မစိုက်ပျိုးနိုင်တော့သဖြင့်စားဝတ်နေရေး အခက်ကြုံနေကြလျှက်ရှိသည်။

နဘုလယ်ဒေသမှ မူးဒူးနှင့် မယင်းကြီးကျေးရွာများသို့ ရေနက်ဆိပ်ကမ်းစီမံကိန်းမှ တာဝန်ရှိသူများက လယ်ယာစိုက်ပျိုးမြေများကို ပြောင်းရွှေ့ပေးရန် လာရောက်ပြောကြားသွားသဖြင့် ဒေသခံများက ရာသီသီးနှံများ မစိုက်ပျိုးနိုင်တော့ကြောင်း ထားဝယ်ရေနက်ဆိပ်ကမ်းအရေး လေ့လာစောင့်ကြည့်နေသည့် ထားဝယ်အမျိုးသမီးသမဂ္ဂမှ မလွင်လွင်က ပြောသည်။

မလွင်လွင်က "ဒီနှစ်မှာတော့ သူတို့အိမ်တွေလည်း ပြောင်းရတော့မယ်။ တချို့အိမ်တွေဆိုရင်လည်း ရောင်းပြီးသွားပြီ။ တချို့ကလည်း မသေချာ၊ မရေရာဖြစ်နေတော့ သူတို့အရင်းအနှီးလုပ်ရတဲ့ဟာတွေက ရှုံးသွားမှာစိုးလို့ဆိုပြီး ဖရဲသီးတွေနဲ့ ဟင်းရွက်တွေ ဘာမှမစိုက်တော့တဲ့အတွက် ရောင်းစရာမရှိတော့အခက်ကြုံနေကြတယ်"ဟု ပြောသည်။

နဘုလယ်ဒေသရှိ ကျေးရွာများတွင် ကွမ်းသီး၊ သီဟိုဠ်သီး၊ ပိန္နဲသီး စသည့်သီးနှံများကို စိုက်ပျိုးကြပြီး အဓိကအားဖြင့် ဖရဲသီးကို စိုက်ပျိုးကြကာ မိသားစုတစ်စုလျှင် နှစ်စဉ်ပျမ်းမျှဝင်ငွေ အနည်းဆုံး ကျပ်သိန်း(၃၀)နီးပါး ရရှိကြကြောင်း သိရသည်။

မိုးရာသီ သီးနှံအဖြစ် စိုက်ပျိုးသည့် ဖရဲသီးကို ထားဝယ်မြို့ပေါ်သို့ရောင်းချကြကာ အသက်မွေးဝမ်းကြောင်းပြုနေကြခြင်းဖြစ်သည်။ ယခုနှစ်တွင် ရေနက်ဆိပ်ကမ်း စီမံကိန်း ဆောက်လုပ်ရေးမြေထဲတွင် ၎င်းတို့၏ စိုက်ခင်းမြေများ ပါသွားမည်စိုးသဖြင့် ဖရဲသီးမစိုက်ပျိုးတော့ကြောင်း မူးဒူးရွာမှ ဒေသခံ ဦးအောင်မြင့်က ပြောဆိုထားသည်ကိုထားဝယ်လူထုအသံသတင်းစာမျက်နှာပေါ်တွင် ဖော်ပြထားသည်။

"တကယ်ဆို ကျနော်တို့ ဘာသာ ကျနော်တို့ အေးအေးလူလူ ကိုယ့်ဘဝ ကိုယ်ကြောင်းနေတဲ့အချိန်မှာ ဘာမှပူစရာမလိုဘူး။ ဒီမရေရာတဲ့ ရေနက်ဆိပ်ကမ်းကြောင့်ပဲ ကျနော်တို့ ရွာသူရွာသားတွေမှာ စီးပွားရေးအရ အခက်အခဲဖြစ်စေတယ်"ဟု ဦးအောင်မြင့်က ပြောဆိုထားသည်။

ထို့အပြင် ရေနက်ဆိပ်ကမ်း စီမံကိန်းကြောင့် စီးပွားရေးလုပ်ငန်းရှင်များနှင့် အစိုးရခေါင်းဆောင်များသာ အကျိုးအမြတ်ရရှိ မည်ဖြစ်ပြီး ဒေသခံများအနေဖြင့် နေ့စဉ် ပူပင်သောကရောက်နေကြရကာ ၎င်းတို့၏ နေထိုင်မှုဘဝကို စတေးခံရတော့မည့် အလားအလာမြင်တွေ့နေရကြောင်း ထားဝယ်လူထုအသံထဲတွင် ရေးသားဖော်ပြထားသည်။

ယခုနှစ် စက်တင်ဘာလက ရေဖြူမြို့နယ်ရှိ ကျေးရွာအချို့တွင် အီတာလျံ့ထိုင်းကုမ္ပဏီ၏ ရေနက်ဆိပ်ကမ်းစီမံကိန်းအတွက် ကုန်တင် ပစ္စည်းသယ်ဆောင်ရသည့် ကားကြီးများသွားလာမှုကြောင့် ပျက်စီးနေသောလမ်းများကို မပြင်ပေးသဖြင့် ဒေသခံများသွားလာရေး အခက်ကြုံတွေ့ခဲ့ရသကဲ့သို့ ဇူလိုင်လ လလယ်ပိုင်းကလည်း ၎င်းဒေသရှိ နေရပ်အိုးအိမ်ပြောင်းရွှေ့ပေးရမည့် ကလုံးထကျေးရွာမှ ဒေသခံများကလည်း မကျေမနပ် ဖြစ်ခဲ့ကြသေးသည်။

ဇူလိုင်လ ၂၃ရက်နေ့မှစတင်ပြီး ထိုင်းနိုင်ငံကို အလည်အပတ်ရောက်ရှိသွားသည့်မြန်မာနိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ထိုင်းဝန်ကြီးချုပ် မစ္စယင်လပ်ရှင်နာဝပ်တို့ တွေ့ဆုံကြမှုတွင်ထားဝယ်ရေနက်စီမံကိန်း အမြန်ပြီးစီး အောင်မြင်နိုင်ရေးအတွက် နှစ်ဖက်သဘောတူညီခဲ့ကြသည်။❑❑❑



**ထားဝယ်ရေနက်ဆိပ်ကမ်း လုပ်ငန်းခွင် တစ်နေရာ**

# ပုဂ္ဂိုလ်ရေးထိခိုက်မှုမျိုး မီဒီယာများ ရှောင်ကြဉ်ကြရန် ပြည်တွင်း NGO ကျန်းမာရေးအဖွဲ့များ ပြောဆို

**အောက်တိုဘာလ ၂၅ရက်၊ ၂၀၁၂ခုနှစ်။**

**နော်ဆဲကလယ် (ကေအိုင်စီ)**

မြန်မာမီဒီယာများအနေဖြင့် သတင်းရေးသားသည့်အခါ ပုဂ္ဂိုလ်ရေးထိခိုက်စေမည့်သတင်းမျိုး ရှောင်ကြဉ်ကြရန် မြန်မာနိုင်ငံအခြေစိုက် ကျန်းမာရေးနှင့် ဆက်စပ်သည့် အစိုးရမဟုတ်သောအဖွဲ့-NGO များက ယခုအပတ်အတွင်း ပြောကြားလိုက်သည်။

အောက်တိုဘာလ ဒုတိယပတ်က ထွက်ရှိသော ပြည်တွင်းထုတ် မဇ္ဈိမဂျာနယ်ပါ သတင်းတစ်ပုဒ်အရ ပြည့်တန်ဆာလုပ်ငန်း လုပ်ကိုင်သည်ဟု ယူဆရသည့် အမျိုးသမီးတဦး၏ ဓါတ်ပုံကို ဖေ့စ်ဘွတ်ခ်(Facebook) တစ်ခုမှ ထုတ်ယူသုံးစွဲဖော်ပြပြီးနောက်ပိုင်း ယင်းအဖွဲ့များက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံအတွင်းရှိ HIV ပိုးကူးစက်ခံရသူများကို ကူညီပေးနေသည့် UNAIDS မှ Social Mobilization Officer ဒေါက်တာစိုးနိုင်က သတင်းမီဒီယာများအနေဖြင့် ပုဂ္ဂိုလ်ရေးနှင့် ပတ်သက်သည့် သတင်းမျိုးကို မရေးမီ နောက်ဆက်တွဲ ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများကို ထည့်သွင်းစဉ်းစားသင့်ကြောင်း ကေအိုင်စီသို့ ယခုလို ပြောသည်။

"ကိုယ်ရေးတင်လိုက်တဲ့ သတင်းဟာ တနိုင်ငံလုံးကို ရောက်တာဖြစ်ပါတယ်။ ရေးသားသူ တင်ပြသူများဟာ တာဝန်သိရပါမယ်။ ငါသာ သူ့နေရာဆိုဘယ်လိုဖြစ်မလဲဆိုတာ ထည့်စဉ်းစားစေချင်ပါတယ်။ ရည်ရွယ်ချက် ကောင်းပေမယ့် အကျိုးမရှိရင် ဘာလို့ပြောနေ၊ ရေးနေမှာလဲ။ မှန်လို့ရေးတာဆိုပေမယ့် စဉ်းစားကြစေချင်ပါတယ်"ဟု ပြောဆိုသည်။

ထိုသို့ ဓာတ်ပုံ ဖော်ပြခံရခဲ့မှုအပေါ် သူမအား နာမည်ကြီးအောင် လုပ်သလို ဖြစ်နေမှာကြောက်သည်ဟု ဂျာနယ်တွင် ဖော်ပြခံရသူ အမျိုးသမီးနှင့် နီးစပ်သည့် အသိမိတ်ဆွေတစ်ဦးက ကေအိုင်စီသို့ ပြန်လည် ပြောပြခဲ့သည်။

မြန်မာပေါ့စ်တစ်ကွန်ယက်၏အကြံပေး ဦးသီဟကြိုင်ကလည်း သတင်းရေးသားဖော်ပြမှုများတွင် လူသားဆန်စေချင်ကြောင်း ပြောသည်။ သူက "ပြည့်တန်ဆာတို့ HIV တို့ကို သုံးစွဲတာမှားတာထက် လူသားတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို လေးစားဖို့ လိုပါတယ်။ နားမလည်ရင်လည်း လေ့လာပါလို့ ပြောချင်ပါတယ်"ဟု ဆိုသည်။

ဆက်လက်၍ Facebook စာမျက်နှာများပေါ်မှ ခွင့်မတောင်းဘဲ ဓာတ်ပုံများကူးယူခြင်းသည် မီဒီယာစည်းကမ်းအား မထိန်းခြင်းဖြစ်သည်ဟု ယူဆကြောင်း HIV အပါအဝင် ရောဂါသုံးမျိုးအတွက် မြန်မာနိုင်ငံ ပြည်တွင်းညှိနှိုင်းရေးယန္တယားအဖွဲ့-CCM၏ ကိုယ်စားလှယ်တစ်ဦး ဖြစ်သူ ဦးစိုးမိုးကျော်ကလည်း ပြောဆိုသည်။

၎င်းရေးသားဖော်ပြခဲ့မှုနှင့် ပတ်သက်၍ မဇ္ဈိမဂျာနယ်က အောက်တိုဘာလ တတိယပတ် ထုတ်စာစောင်တွင် ယခင်က လိင်အလုပ်သမား လုပ်ခဲ့ဖူးသူဟု ဖော်ပြခြင်း၊ ဓာတ်ပုံအား ခွင့်မတောင်းဘဲ ယူသုံးခြင်းအပေါ် တောင်းပန်စာတစ်စောင်ကို ပြန်လည်ဖော်ပြခဲ့သည်။

သို့သော် လိင်အလုပ်သမများအား နှစ်သိမ့်ဆွေးနွေးပညာပေးသူ AZG မှ အမျိုးသမီး ဝန်ထမ်းတစ်ဦးက "ဂျာနယ်မှာ အတိအလင်း တောင်းပန်တာထက် ကိုယ်တိုင်သွားပြီး တောင်းပန်သင့်တဲ့ ကိစ္စပါ။ ကာယကံရှင်ဟာ အမျိုးသမီးတစ်ဦး၊ မိခင်တစ်ဦးဆိုတာလည်း ထည့်စဉ်းစားစေချင်ပါတယ်"ဟု ထောက်ပြပြောဆိုသည်။

ပြီးခဲ့သည့် ၂၀၁၀ခုနှစ်၊ စက်တင်ဘာလတွင် သတင်းသမားများအား အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်နှင့် ပတ်သက်သော အချက်အလက်များ ရေးသားပါက လိုက်နာစောင့်ထိန်းသင့်သည့် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို Pyo Pin နှင့် DFID တို့မှ ပံ့ပိုးမှုဖြင့် မီဒီယာဆရာအဖြစ် ဆရာရဲနိုင်မိုးမှ ဦးဆောင်ကာ ပြုလုပ်ပေးခဲ့ပြီး လိုက်နာရမည့် အချက်များပါဝင်သော စာအုပ်များလည်း ထုတ်ဝေဖြန့်ချိခဲ့သည်။ ❑❑❑

# ကော့ကရိတ်မြို့နယ်တွင် ပဋိပက္ခဖြေရှင်းရေး အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်

**အောက်တိုဘာလ ၄ရက်၊ ၂၀၁၂ခုနှစ်။**

**စောခါးစူးညား။ ဖိုးခွားလေး (ကေအိုင်စီ)**

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်ရှိ လောင်းကိုင်ကျေးရွာတွင်ပဋိပက္ခဖြေရှင်းရေးအလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ငြိမ်းဖောင်ဒေးရှင်းမှ ယမန်နေ့မှစ၍ ၅ရက်ကြာ ပြုလုပ်သွားမည်ဖြစ်သည်။

ငြိမ်းဖောင်ဒေးရှင်းအဖွဲ့မှ သင်ကြားပေးသည့် ယင်းသင်တန်းတွင် ကော့ကရိတ်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဘာသာရေး ခေါင်းဆောင်များ စုစုပေါင်း ၃၀ ကျော်တက်ရောက်ခဲ့ပြီး ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားအားလုံး ငြိမ်းချမ်းရေးရရှိစေရန် ရည်ရွယ်ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု သင်တန်းဖြစ်မြောက်ရေးတွင် ပါဝင်သူ မန်းသိန်းဇော်က ပြောသည်။

မန်းသိန်းဇော်က “ကျနော်တို့နယ်မြေဒေသမှာရှိတဲ့ တိုင်းရင်းသားတွေအားလုံး၊ ကျေးရွာအုပ်ချုပ်ရေးပိုင်းမှာ ပါဝင်နေတဲ့ ပုဂ္ဂိုလ်တွေအားလုံး တညီတညွတ်နဲ့ ငြိမ်းချမ်းမှုကိုယူပြီးတော့ ဒီသင်တန်းကို ပြုလုပ်ရတာ ဖြစ်ပါတယ်။ နောက် ပြဿနာတွေကို ဖြေရှင်းတတ်ဖို့ ဖြစ်တယ်”ဟု ကေအိုင်စီသို့ ပြောဆိုသည်။

သင်တန်းမှ ဆွေးနွေးသင်ကြားခဲ့မှုများကို အမှီပြုကာ ကော့ကရိတ်ဒေသရှိ ရပ်ကွက် သို့မဟုတ် ရွာများအတွင်း ဖြစ်ပွားသည့် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ဘာသာရေးစသဖြင့် ပဋိပက္ခဟူသမျှကို ဖြေရှင်းနိုင်ရန် တတ်စွမ်းသမျှ အကောင်အထည်ဖော်သွားမည်ဟု မျှော်လင့်ကြောင်း သူက ဆက်ပြောသည်။

၎င်းသင်တန်း တက်ရောက်သည့် ရွာသူရွာသားများမှာ ကော့ကရိတ်မြို့နယ်အတွင်းရှိ ကော့ကရိတ်မြို့ အပါအဝင် လောင်းကိုင်ရွာမှ ရပ်ကွက် (၅)ခု၊ ဖားကျ၊ သမိန်ဒွတ်၊ ဝင်းက၊ ထီးဖိုးသာနှင့် အခြားရွာ ၃ရွာတို့မှ ဖြစ်သည်။

သင်တန်းတက်ရောက်သူ သမိန်ဒွတ်ကျောင်းမှ ဆရာတော် ဦးနန္ဒောဘာသက “အဖွဲ့အစည်းထဲမှာ ပဋိပက္ခဆိုတာ ဖြစ်တတ်တယ်ဆိုသလို ဖြစ်လာလို့ ဖြေရှင်းလို့ မရ၊ မတတ်ဘူးဆိုရင် ပြိုကွဲသွားရတဲ့အထိ ဆိုးကျိုးတွေ အများကြီးဖြစ်လာမယ်။ ပြောချင်တာက ဒီသင်တန်းက တစုံတရာ အကျိုးရှိမယ်လို့ မျှော်လင့်တယ်”ဟု ပြောသည်။

ထို့အပြင် သင်တန်းတက်ရောက်သူများကိုငြိမ်းဖောင်ဒေးရှင်းမှ စီမံကိန်းမန်နေဂျာ ဇော်လွန်မ်(Zau Lum) ဦးဆောင်သော အဖွဲ့ဝင် ၃ဦး အပြင် ကော့ကရိတ်မြို့နယ်ရှိ ကရင်အမျိုးသားအစည်းအရုံး-KNU၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော်-DKBA, KNU/KNLAငြိမ်းချမ်းရေးကောင်စီနှင့် နယ်ခြားစောင့်တပ်-BGFတို့မှ တာဝန်ရှိပုဂ္ဂိုလ်အချို့လည်းပါဝင်ဆွေးနွေးခဲ့ကြသည်ဟု သိရသည်။

ပြီးခဲ့သည့် ဩဂုတ်လကလည်း ငြိမ်းဖောင်ဒေးရှင်း အနေဖြင့် ဖားကျရွာ ဘုန်းကြီးကျောင်းတွင်ခေါင်း ဆောင်မှုနှင့် ပတ်သက်သည့် ရက်တို သင်တန်းတစ်ခု လုပ်ခဲ့သေးသည်။ ❑❑❑

# မုံရွာမြို့နယ် ပြည်သူ့ညီလာခံတွင် ပြည်ထောင်စု ကရင်အမျိုးသားကွန်ယက်မှ သဝဏ်လွှာပေးပို့

**အောက်တိုဘာလ ၂၂ရက်၊ ၂၀၁၂ခုနှစ်။**

**နော်ဆဲကလယ် (ကေအိုင်စီ)**

စစ်ကိုင်းတိုင်း၊ မုံရွာမြို့နယ် ဆည်တည်းရွာတွင် အောက်တိုဘာလ ၁၈ ရက်မှ ၁၉ရက်နေ့အထိ ပထမဦးဆုံးအကြိမ် ပြည်သူ့ညီလာခံပြုလုပ်ရာ ပြည်ထောင်စု ကရင်အမျိုးသားကွန်ယက်မှ ညီလာခံအား ထောက်ခံကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

ယင်းညီလာခံကို တက်ရောက်သည့် ဒီမိုကရေစီအရေး လှုပ်ရှားသူ ကရင်အမျိုးသမီး ဒေါ်နော်အုန်းလှမှ ကိုယ်စားပြုဖတ်ကြားခဲ့ခြင်း ဖြစ်သည်။

နော်အုန်းလှက “သဝဏ်လွှာထဲမှာ စစ်မှန်သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဟာ မဖြစ်မနေအရေးပါကြောင်းနဲ့ ပြည်ထောင်စုတိုင်းရင်းသားတွေ အတူတကွ လက်တွဲသွားဖို့ တိုက်တွန်းထားပါတယ်။ ဒါဟာ တကယ်လိုအပ်တဲ့ အရာလို့ ယုံကြည်ပါတယ်“ဟု ပြောကြားသည်။

ထို့အတူ ရခိုင်တိုင်းရင်းသားတိုးတက်ရေးပါတီ၊ ကယန်းပြည်သစ်ပါတီနှင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးများ မဟာမိတ်အဖွဲ့ စသည့် ပါတီတို့မှလည်း သဝဏ်လွှာများပေးပို့ခဲ့သည်။

ညီလာခံကို တိုင်းရင်းသားအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ လယ်သမားအဖွဲ့အစည်းများ၊ အလုပ်သမား အဖွဲ့အစည်းများ၊ ကျောင်းသားအဖွဲ့များ၊ ကွန်ယက်များ၊ အမျိုးသမီးအဖွဲ့များ၊ သဘာဝပတ်ဝန်းကျင်အဖွဲ့များ စသည့် အစုအဖွဲ့ (၃၈)ဖွဲ့မှ ကိုယ်စားလှယ်ဦးရေ ၄၀၀ အပါအဝင် ကျေးရွာ ၂၆ ရွာမှ ပြည်သူများ စုစုပေါင်း တစ်သောင်းကျော် တက်ရောက်ခဲ့သည်ဟု သိရသည်။

ညီလာခံအား အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးသော ဆည်တည်းရွာမှ မမကြီးက “ကျမတို့ ရှိတဲ့ဆီကို အဝေးကြီးကနေ တိုင်းရင်းသားတွေ ဖြစ်တဲ့ ကရင်၊ ကယား၊ သျှမ်း၊ ရခိုင်၊ ကယန်း ၊ ကိုးကန့်တွေက လာပြီး ကူညီကြလို့ အများကြီးဝမ်းသာတယ်”ဟု ဆိုသည်။

ထို့အပြင် ညီလာခံသို့ သဝဏ်လွှာပေါင်း (၂၁)စောင်၊ အီးမေးလ် (၃၀) စောင်၊ လူ့အခွင့်အရေးကောင်စီစာတမ်း (၁၁)စောင်၊ ကဗျာ (၇) ပုဒ်၊ သီချင်း (၁) ပုဒ် ပေးပို့ခံရပြီး ညီလာခံ၌ ကြွေးကြော်သံ (၁၁)ပိုဒ်နှင့်အတူ ဆုံးဖြတ်ချက် (၂၆)ချက် ဆွေးနွေးဆုံးဖြတ်နိုင်ခဲ့ကြသည်ဟု သိရသည်။

၎င်းဆုံးဖြတ်ချက် ၂၆ ချက်တွင် အထူးဆုံးဖြတ်ချက်အဖြစ် တိုင်းရင်းသားလူထုများပါဝင်သော ပင်လုံကဲ့သို့ ညီလာခံ တစ်ရပ်ကို ကျင်းပရန် ဆုံးဖြတ်ကြကြောင်း တက်ရောက်သူများက ပြောသည်။ ❑❑❑

# ဆိုးရွားသည့် ရာသီဥတုဒဏ် အုန်းဖျန်စခန်း ဒုက္ခသည်များ ခံစားနေရ

**အောက်တိုဘာလ ၁၀ရက်၊ ၂၀၁၂ခုနှစ်။**

**စဖန်းရှောင်း (ကေအိုင်စီ)**

ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင် ဖုတ်ဖရမြို့နယ်ရှိ အုန်းဖျန်းဒုက္ခသည် စခန်းတွင် အောက်တိုဘာလ ၈ရက်နေ့မှ စတင်ကာ မိုးများ အဆက်မပြတ် ရွာသွန်း၍ လေပြင်းများ တိုက်ခတ်သည့်အပြင် မြူခိုးများ ထူထပ်စွာ ကျရောက်သောကြောင့် စခန်းတွင်းနေ ဒုက္ခသည်များမှာ လက်ရှိအချိန်တွင် ဆိုးရွားသည့် ရာသီဥတုဒဏ် ခံစားနေကြရသည်။

အုန်းဖျန်စခန်း ဥက္ကဌစောထီးဝါးက “မိုးကလည်း အဆက်မပြတ်ကို ရွာတာ နေ့ရော ညရောပဲ။ မနက်ပိုင်းဆိုရင်လည်း မြူတွေ ထူထပ်စွာ ကျဆင်းတယ်။ လေပြင်းကလည်း တိုက်သေးတယ်။ ညဘက်ဆိုရင် အေးလွန်းလို့ ကောင်းကောင်းအိပ်လို့ မရဘူး” ဟု ကေအိုင်စီသို့ ပြောသည်။

မိုးရွာသွန်းပြီး လေပြင်းများ အဆက်မပြတ် တိုက်ခိုက်ခဲ့သည့်အပေါ် အုန်းဖျန်စခန်းတွင် အောက်တိုဘာ ၈ရက်နေ့နှင့် ၉ရက်နေ့အထိ စာသင် ကျောင်းများ အားလုံးပိတ်ထားရသကဲ့သို့ မြေပြိုမှုအချို့လည်းရှိသည်ဟု စခန်း ဥက္ကဌက ဆက်ပြောသည်။

အုန်းဖျန်စခန်း ဒုက္ခသည်တစ်ဦးက “မိုးက ဒီမှာ သည်းသည်းထန်ထန် ရွာတာ သုံးရက်ရှိပြီ။ တစ်နေကုန် ရွာတယ်။ နောက် မြေပြိုတာတွေလည်းရှိတော့ စခန်းကော်မတီကတာဝန်ရှိသူတွေနဲ့ ကျောင်းဆရာ၊ ဆရာမတွေ တိုင်ပင်ပြီး ကျောင်းကို နှစ်ရက် ပိတ်ထားရတယ်။ ဒီနေ့တော့ ကျောင်းပြန်တက်ပြီ”ဟု ပြောသည်။

မိုးအဆက်မပြတ် ရွာသွန်းခြင်းကြောင့် မြေပြိုမှုများ ဖြစ်ပေါ်ပြီး စခန်းရှိ နေအိမ် ၃လုံး ပျက်စီးသွားခဲ့ပြီး အမှတ်(၃)အလယ်တန်းကျောင်းတစ်ကျောင်းလည်း အနည်းငယ် ထိခိုက်ပျက်စီးခဲ့သော်လည်း မြေပြိုမှုများကြောင့် ထိခိုက် ဒဏ်ရာရမှု တစုံတရာ မရှိပေ။

၎င်းရာသီဥတုအခြေအနေ ဆိုးရွားမှုကြောင့် ကျန်းမာရေးပြဿနာများ တစုံတရာ ဖြစ်ပေါ်ခြင်းမရှိသေးသော်လည်း ယနေ့အထိ မိုးများ အဆက်မပြတ် ရွာသွန်းလျှက်ရှိရာ ရက်ကြာလာပါက ကျန်းမာရေးပြဿနာများ ဖြစ်ပေါ်လာမည်ကို ဒုက္ခသည်များက စိုးရိမ်နေကြသည်။

၁၉၉၉ခုနှစ်မှစ၍ စတင်တည်ထောင်ခဲ့သည့် အုန်းဖျန်ဒုက္ခသည် စခန်းသည် ချမ်းအေးလွန်းသည့် ရာသီဥတု ဆိုးရွားမှုဒဏ်ကို နှစ်စဉ် ကြုံတွေ့နေကျ ဖြစ်သော်လည်း ယခုနှစ်အတွင်း မိုးရွာသွန်းမှုမှာ အဆိုးရွားဆုံးဖြစ်ကြောင်း စခန်းတွင်း နေထိုင်သူများက ပြောဆိုနေကြသည်။ ❑

# KNU အတွင်း စည်းလုံးညီညွတ်ရေး လူထုအခြေပြုအဖွဲ့များ ပါဝင်လုပ်ဆောင်သွားမည်

**အောက်တိုဘာလ ၁၅ ရက်၊ ၂၀၁၂ ခုနှစ် ။**

**ကေအိုင်စီ**

ကရင်အမျိုးသား အစည်းအရုံး(KNU)အတွင်း စည်းလုံးညီညွတ်မှု ဆက်လက်တည်ရှိသွားရန်အတွက် ကရင်လူထုအခြေပြုအဖွဲ့များ (KCBO)အနေဖြင့် ထိရောက်စွာ ပါဝင်လုပ်ဆောင် သွားမည်ဟု ယခုလ (၁၃) ရက်နေ့က ထိုင်း–မြန်မာနယ်စပ် တစ်နေရာတွင် ပြုလုပ်သည့် အစည်းအဝေး၌ ဆုံးဖြတ်ခဲ့ကြသည်။

၎င်းစည်းဝေးပွဲကို ကရင်စည်းလုံးညီညွတ်ရေး နီးနှောဖလှယ်ပွဲဖြစ်မြောက်ရေးကော်မတီ(KUSC)မှ ဦးစီးပြုလုပ်ခဲ့ခြင်းဖြစ်ပြီး လူထု အခြေပြုအဖွဲ့ ၁၆ ဖွဲ့မှ ကိုယ်စားလှယ် ၄၀ နီးပါး တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်နှင့်ပတ်သက်၍ KUSC အဖွဲ့ဝင် နော်လယ်လားခူ့ထူးက “ကေအဲန်ယူအဖွဲ့အစည်းထဲမှာ ပြိုကွဲမှုမရှိဘဲစည်းလုံးညီညွတ်ကြဖို့အတွက်ကို လူမှုအဖွဲ့အစည်းအနေနဲ့ဦးတည်ဆွေးနွေးပြီးဘာတွေဝိုင်းဝန်းကူညီပေးသွားနိုင်မလဲဆိုတာကို အဖြေရှာတဲ့ အနေနဲ့ ဆွေးနွေးကြတာပါ” ဟု ကေအိုင်စီသို့ ပြောသည်။

လက်ရှိ ကေအဲန်ယူ ဗဟိုခေါင်းဆောင်များအတွင်း ပဋိပက္ခများ ဖြစ်ပွားနေမှုအပေါ် ဆွေးနွေးပွဲ တက်ရောက်လာသူ ကိုယ်စားလှယ်များက ၎င်းတို့၏အမြင်များ၊ သုံးသပ်ချက်များနှင့် အကြံပြုချက်များကို တစ်ဦးတစ်ဖွဲ့ချင်းမှ အုပ်စုလိုက် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

“ကေအဲန်ယူတွင်း စည်းလုံးညီညွတ်စေချင်တဲ့ ကျမတို့ရဲ့သဘောထားတွေကို တင်ပြသွားမယ်။ ပြီးတော့ အဲလိုညီညွတ်ဖို့အတွက် ဘယ်လိုလုပ်ဆောင်သွားမလဲဆိုတဲ့အချက်နှစ်ချက်ကို ဒီအစည်းအဝေးမှာ ဆုံးဖြတ်ချက် ချနိုင်ခဲ့တယ်။”ဟု နော်လယ်လားခူထူးက ဆက်ပြောသည်။

ကေအဲန်ယူအဖွဲ့တစ်ခုတည်းအတွက် သာမက ကရင်တမျိုးသားလုံး၏ အကျိုးစီးပွားကို ရှေ့ရှုမျှော်ကိုး၍ စည်းလုံးညီညွတ်မှု အပေါ်အခြေခံကာ ပွင့်လင်းမြင်သာစွာ လုပ်ဆောင်သွားနိုင်ရန် KCBO အနေဖြင့် သဘောထားရှိကြောင်းနှင့် ထိုသဘောထားများကို ကေအဲန်ယူသို့ တင်ပြသွားမည်ဖြစ်ကြောင်းစည်းဝေးပွဲတွင် ပါဝင်သူ စောအဲဒို့ဝါးက ယခုလို ပြောသည်။



“ဒီအစည်းအဝေးဟာ တကယ်အားရကျေနပ်ရတယ်။ကေအဲန်ယူရဲ့ဖြစ်ပေါ်လာတဲ့အကွဲအပြဲတွေအပေါ်မှာ ကျနော်တို့ KCBO ကနေဘယ်လိုဝန်းရံသွားမလဲဆိုတာကို အဓိကထားပြီး အသေးစိတ် ဆွေးနွေးတယ်။ ဒီဆွေးနွေးချက်အပေါ်မှာ လူတိုင်းက ညီညွတ်စေချင်တော့ ဘက်နှစ်ဖက်စလုံးကို ဘယ်လိုပုံစံ ချဉ်းကပ်မလဲဆိုတာနဲ့ အမျိုးသားရင်ကြားစေ့ရေးကို ဝန်းရံသွားဖို့ ရှိတယ်” ဟု ပြောဆိုသည်။

ကရင်လူထုအခြေပြုအဖွဲ့များက လူထုနှင့် အမြဲထိတွေ့နေသလိုကေအဲန်ယူနှင့်ကာလအတန်ကြာဆက်စပ် လုပ်ဆောင်နေခြင်းဖြစ်၍ ဝိုင်းဝန်းအကြံပြု လုပ်ဆောင်ရာတွင် တစုံတရာ အခက်အခဲ မရှိနိုင်ဟု သူကဆက်ပြောသည်။

ဤအစည်းအဝေးတွင်ကရင်အမျိုးသားစည်းလုံးညီညွတ်ရေးလုပ်ငန်းကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့ပြီး ၎င်းကော်မတီဝင် အချင်းချင်း ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို သီးသန့် ဆွေးနွေးတိုင်ပင်ဆောင်ရွက်သွားရန်ရှိသည်ဟု သိရသည်။ ❑❑❑

# ထားဝယ်ဒေသတွင် ထိုင်းနိုင်ငံမှ တရားမဝင် ဆိုင်ကယ်များကို အစိုးရတပ် ဖမ်းဆီးနေ

**အောက်တိုဘာလ ၈ရက်၊ ၂၀၁၂ခုနှစ်။**

**စဖန်းရှောင်း (ကေအိုင်စီ)**

တနင်္သာရီတိုင်း၊ ထားဝယ်ခရိုင်၊ မေတ္တာမြို့နယ်ခွဲ သပြုချောင်းရွာမှစ၍ အာရှလမ်းမကြီးတစ်လျှောက်တွင် အောက်တိုဘာလ ၅ ရက်နေ့မှစ၍ ထိုင်းနိုင်ငံဘက်ခြမ်းမှ တရားမဝင်ခိုးဝင်လာသောဆိုင်ကယ်များကိုနယ်မြေခံ အစိုးရစစ်တပ်များက ဖမ်းဆီးအရေးယူလျက်ရှိသည်။

ထိုင်း–မြန်မာနယ်စပ် ထိုင်းနိုင်ငံအတွင်းရှိ ကန်ချနပူရီခရိုင်တွင် ဆိုင်ကယ်ပျောက်ဆုံးမှု များပြားလာသဖြင့် ထိုင်းအာဏာပိုင်များ၏ အကူအညီတောင်းခံမှုကြောင့် ထိုသို့ ဖမ်းဆီးစစ်ဆေးမှုများပြုလုပ်ခြင်းဖြစ်သည်ဟု ထိုင်းစစ်တပ်နှင့် နီးစပ်သူတစ်ဦးက ကေအိုင်စီသို့ ပြောသည်။

၎င်းက “အရင်က တရားဝင်ရော၊ တရားမဝင်ရော အကုန်ရတယ်။ အခုနောက်ပိုင်း မရတော့ဘူး။ လမ်းတွေပိတ်ပြီးတော့ ဖမ်းတာ။ ပိုက်ဆံပေးလည်း မရတော့ဘူး။ ဆိုင်ကယ်လည်း အဝင်မခံတော့ဘူး”ဟု ပြောဆိုသည်။

လက်ရှိ ဆိုင်ကယ်ဖမ်းဆီးသည့် ထိုဒေသမှာ ကရင်အမျိုးသားအစည်းအရုံး-KNU တပ်မဟာ(၄) လှုပ်ရှားရာ နယ်မြေဖြစ်ပြီး လွန်ခဲ့သည့် သီတင်းတစ်ပတ်ခန့်က ထိုင်းမှ မြန်မာဘက်သို့ ဝင်ရောက်လာသော ဆိုင်ကယ်ခိုးဂိုဏ်းသား ၃ဦးကို ဆိုင်ကယ် ၅စီးနှင့်အတူ KNU တပ်ဖွဲ့ဝင်များက ဖမ်းဆီးရရှိပြီး ထိုင်းအာဏာပိုင်များထံသို့ လွှဲပြောင်းပေးခဲ့သည်။

ယခင်က တရားမဝင် ဆိုင်ကယ်များနှင့် ခိုးရာပါ ဆိုင်ကယ်များကို လမ်းတစ်လျှောက် အစိုးရစစ်တပ်များ ဖြစ်ကြသော ရေ့တန်း အမှတ်–၂ နည်းဗျူဟာမှူး ဗိုလ်မှူးကြီးဇော်လွင်ဌေးမှ ဆင်ဖြူတိုင်ရွာတွင်လည်းကောင်း၊ ရှေ့တန်း ခမရ(၅၉၅) တပ်ရင်းမှူး ဗိုလ်မှူးအောင်ကျော်နှင့် ဗိုလ်ကြီးသန့်ဇင်ဦးတို့မှအိုင်ဝိုင်းစခန်းတွင် ဂိတ်များဖွင့်၍ ကောက်ခံခဲ့သည်။

အဆိုပါဂိတ်များမှာ တရားဝင်ဂိတ်များ ထားရှိခြင်းမျိုး မဟုတ်ဘဲ အလျှဉ်းသင့်သလို ဆိုင်ကယ်တစ်စီးကို အမျိုးအစားအလိုက် ဘတ်ငွေ ၅၀၀မှ ၁၀၀၀အထိ တောင်းခံပြီး ပြန်လွှတ်ပေးလေ့ရှိရာမှ တရားမဝင်ဆိုင်ကယ် များပြားလာခြင်းဖြစ်သည်ဟု ဒေသခံများက ပြောသည်။

ဒေသခံတစ်ဦးက “အခု ဒီနယ်မှာရှိတဲ့ ဆိုင်ကယ်အားလုံးလိုလိုက တရားမဝင်တဲ့နည်းနဲ့ ဝင်ရောက်လာချည်းပါပဲ။ အရင်က ပိုက်ဆံပေးပြီးတော့ သယ်လို့ရတယ်။ အဲဒီလိုလွှတ်ပေးတာများတော့ ပြဿနာက တဖြည်းဖြည်း ကြီးလာတဲ့အခါကျတော့ ပြန်ပြီး တင်းကြပ်တဲ့သဘောဖြစ်မယ်”ဟု ပြောသည်။

ယခုမတိုင်မီကာလ၌ ထိုင်းဘက်ခြမ်းမှ ဆိုင်ကယ်များကို ဝယ်ယူရန် ပြည်တွင်းရှိ ဝယ်ယူသူများက လူကယ်ရီများကို ဘတ်ငွေ ၄၀၀၀မှ ၅၀၀၀ခန့် ငှားရမ်း၍ တရားမဝင်သယ်ဆောင်စေခဲ့သည်ဟုသိရသည်။

တရားမဝင် ဆိုင်ကယ် အရေအတွက် များပြားလာသည့် ယင်းဒေသတွင်ယခင်ကအရေးယူဆောင်ရွက်ခြင်းမရှိသည့်အပြင် နယ်မြေတည်ငြိမ်မှု မရှိခဲ့ခြင်းတို့ကြောင့် ယခုအချိန်ထိ တရားဝင်ဆိုင်ကယ်များကို လိုင်စင်များ ထုတ်ပေးနိုင်ခြင်း မရှိသေးကြောင်း ဒေသခံများက ပြောဆိုနေကြသည်။ ❑❑❑



# ဆိုင်ကယ်လိုင်စင် လုပ်သူများ အပို အခွန်ငွေ ပေးဆောင်ရ

**အောက်တိုဘာလ ၁၂ရက်၊ ၂၀၁၂ခုနှစ်။**

**စောခါးစူးညား (ကေအိုင်စီ)**

ကရင်ပြည်နယ်၊ဘုရားသုံးဆူမြို့တွင် ကြာအင်းဆိပ်ကြီးမြို့နယ်၏ အခွန်ဌာနမှ ဆိုင်ကယ်လိုင်စင်အတွက် တရားဝင် သတ်မှတ်ထားသည့် ရုံးသုံးနှင့် အထွေထွေအသုံး စရိတ်တို့အပြင် ခေါင်းစဉ်မရှိသည့် အခွန်ငွေ အပိုကောက်ခံမှုကို ဆိုင်ကယ်လိုင်စင်လုပ်သူများက ပေးဆောင်ခဲ့ရသည်။

ယင်းသို့ အပိုအခွန်ကောက်ခံမှုကို ကြာအင်းဆိပ်ကြီးမြို့နယ်၏ အခွန်ဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းအေးက ကောက်ခံခြင်းဖြစ်ပြီး အောက်တိုဘာလ ၁ရက်မှ ၁၀ရက်နေ့အထိ ဘတ်ငွေ ငါးသိန်းနီးပါး ရရှိခဲ့သည်ဟု ဘုရားသုံးဆူမြို့ရှိ အစိုးရနှင့် နီးစပ်သူတဦးက ကေအိုင်စီသို့ ပြောသည်။

“ဆိုင်ကယ်လိုင်စင် လာလုပ်တဲ့သူက မပေးနိုင်လို့ မဟုတ်ဘူး။ ရုံးသုံးစရိတ်နဲ့ အထွေထွေသုံးစရိတ်ဆိုပြီးထိုင်းဘတ်ငွေ၁၄၀(မြန်မာငွေကျပ် ၇ထောင်) သီးသန့်ပေးရတာက ရှိပြီးသားပဲ။ ဒါပေမယ့် ဘာခေါင်းစဉ်မှ မဟုတ်ပဲ(ငွေ)၁၇၀ဘတ်ထပ်ကောက်တာတော့ မဖြစ်သင့်ဘူး”ဟု ပြောသည်။

လက်ရှိအချိန်တွင် လိုင်စင်ပြုလုပ်ပြီးစီးသွားသည့် ဘုရားသုံးဆူမြို့မှ မြို့ခံ ဆိုင်ကယ်ပိုင်ရှင်များမှာ အခွန်ဌာန မြို့နယ်ဦးစီးမှူး၏ ခေါင်းစဉ်မပါသည့် အဆိုပါ အခွန်ငွေကောက်ခံမှုကို မမေးမြန်းရဲသလို မည်သည့်အကြောင်းကြောင့် ကောက်ခံခဲ့သည်ကိုလည်း အခွန်ဌာနမြို့နယ်ဦးစီးမှူးဘက်မှ ထုတ်ဖော်ပြောဆိုခြင်း မရှိပေ။

အမည်မဖော်လိုသူ မြို့ခံတစ်ဦးက “ကျနော်တို့က ဆိုင်ကယ်လိုင်စင်လုပ်တာ ပေးဆောင်ရတဲ့ ဝန်ဆောင်ခက သီးသန့်ပဲ။ အဲဒီထပ်ကောက်တဲ့ဥစ္စာက ဘာအတွက်လဲတော့ မသိဘူး။ ကြောက်လို့ မေးလည်း မမေးရဲဘူး”ဟု ပြောသည်။

ဘုရားသုံးဆူမြို့တွင် လိုင်စင်မဲ့ ဆိုင်ကယ်များကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ကညန)နှင့် ကြာအင်းဆိပ်ကြီးမြို့နယ် အခွန်ဌာနတို့က ပူးပေါင်း၍ ပြုလုပ်ပေးခြင်းဖြစ်ပြီး လက်ရှိ လိုင်စင်မဲ့ ဆိုင်ကယ်စီးရေ သုံးထောင်ခန့် ပြုလုပ်ပေးခဲ့ပြီး နောက်ထပ် မည်သည့်အချိန်တွင် ထပ်မံပြုလုပ်ပေးမည်ကို အတိအကျ မပြောနိုင်သေးပေ။

၎င်းအခွန်ဦးစီးမှူး ဒေါ်စန်းစန်းအေးသည် ယမန်နေ့မနက်က ကြာအင်းဆိပ်ကြီးမြို့သို့ ပြန်ဆင်းသွားပြီး ခေါင်းစဉ်မရှိဘဲ ကောက်ခံရရှိထားသည့် အခွန်ငွေဖြင့် ဘတ်ခြောက်သောင်းခန့်တန် Wave အမျိုးအစား (ဝမ်းတူးဖက်ဖ်) ဆိုင်ကယ်တစ်စီးကို ဝယ်ယူသွားခဲ့သည်ဟု ယင်းအစိုးရနှင့် နီးစပ်သူများ၏ ပြောပြချက်အရ သိရသည်။ ❑❑❑

# ကာရင်နီပြည်နယ် ရွာသစ်ဆည် တည်ဆောက်ရေး ပွင့်လင်းမှုရှိရန် KCSN တောင်းဆို

**အောက်တိုဘာလ ၂ရက်၊ ၂၀၁၂ခုနှစ်။**

**စောခါးစူးညား (ကေအိုင်စီ)**

ကရင်နီ(ကယား)ပြည်နယ်၊ ရှားတောမြို့နယ်ရှိ ရွာသစ်တွင် သံလွင်မြစ်ရေကိုအမှီပြု၍ တည်ဆောက်သည့် ရွာသစ်ဆည်ကိစ္စ ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်ကြောင်း ကရင်နီလူမှုအဖွဲ့အစည်းများကွန်ယက် (KCSN)က ရန်ကုန်မြို့ စီးတီးစတားဟိုတယ်တွင် ယနေ့ သတင်းစာရှင်းလင်းပွဲပြုလုပ်ကာ ပြောကြားခဲ့သည်။

KCSN တာဝန်ခံဖြစ်သူ ခွန်းမီရယ်က “ဒီဆည်စီမံကိန်းကို အကယ်၍ မရပ်ဘူးဆိုရင် (ကရင်နီအမျိုးသားတိုးတက်ရေးပါတီ-KNPP နဲ့ အစိုးရအကြား) ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် အနှောက်အယှက်ဖြစ်သွားမှာကို ကျနော်တို့ စိုးရိမ်တယ်။ ဒါကြောင့် ဒီဆည်စီမံကိန်းကို ပွင့်လင်းမြင်သာမှုရှိအောင် လုပ်သွားဖို့ အစိုးရကို တောင်းဆိုတာဖြစ်တယ်”ဟု

ယင်းသို့ ၎င်းတို့နှစ်ဘက် သဘောတူညီခဲ့ပြီးနောက်စီမံကိန်းကို စတင် အကောင်အထည်ဖော်ခဲ့ရာ ယခုအချိန်တွင်စတင်တည်ဆောက်မှုအပိုင်း မရောက်သေးသော်လည်း ဆည်လုံခြုံရေးအဖြစ် အစိုးရတပ်များ လာရောက်တပ်စွဲထားမှုများ ရှိသည်ဟု KCSN က ဆိုသည်။

ယနေ့မွန်းလွဲ ၂နာရီမှ ညနေ ၄နာရီအထိ ပြုလုပ်ကာ ပြည်တွင်းသတင်းထောက် ၃၀ကျော် တက်ရောက်ခဲ့သည့်၎င်းသတင်းစာရှင်းလင်းပွဲတွင် ဆည်တည်ဆောက်နေချိန် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ ရှိ မရှိကို KCSNဘက်မှ ကွင်းဆင်းလေ့လာလိုကြောင်း အစိုးရထံ တောင်းဆိုခြင်းဖြစ်သည်ဟု ခွန်းဘီထူးက ယခုလို ပြောသည်။

**“ဒီဆည်စီမံကိန်းကို အကယ်၍ မရပ်ဘူးဆိုရင် (ကရင်နီအမျိုးသား တိုးတက်ရေးပါတီ-KNPP နဲ့ အစိုးရအကြား) ငြိမ်းချမ်းရေးဆွေး နွေးပွဲအတွက် အနှောက်အယှက်ဖြစ်သွားမှာကိုကျနော်တို့စိုးရိမ်တယ်၊ဒါကြောင့်ဒီဆည်စီမံကိန်းကို ပွင့်လင်းမြင်သာမှုရှိအောင် လုပ်သွားဖို့ အစိုးရကို တောင်းဆိုတာဖြစ်တယ်”**

ကေအိုင်စီသို့ ပြောသည်။

လက်ရှိ မြန်မာအစိုးရသည် KNPP နှင့် ဆွေးနွေးသဘောတူညီချက်အရ ရေကာတာ အပါအဝင် အကြီးစားစီမံကိန်းလုပ်ငန်း ပြုလုပ်ပါက ပြည်သူလူထုနှင့် လူမှုအသင်းအဖွဲ့အပေါ် ပွင့်လင်းမြင်သာမှုရှိရန် ပါဝင်သည်ဟု သူက ဆက်လက် ထောက်ပြပြောဆိုခဲ့သည်။

ရွာသစ်ဆည် တည်ဆောက်ရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရန် မြန်မာစစ်အစိုးရနှင့် တရုတ်ဒါတန် ကုမ္ပဏီတို့ ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလက တွေ့ဆုံပြီး နှစ်ဦးနှစ်ဘက် နားလည်မှုစာချွန်လွှာ ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

“ဒီဆည်ကို ဆောက်တာဘာတွေဖြစ်မလဲဆိုတာမသိရပေမယ့် အစိုးရဘက်ကနေ ပွင့်ပွင့်လင်းလင်း ချပြပြီးတော့မှ လုပ်ဆောင်တဲ့ စီမံကိန်း မဟုတ်ဘူး။ အဲဒီအပေါ်မှာ အစိုးရအနေနဲ့ ကျနော်တို့ကို လေ့လာခွင့်ပေးပြီး ပွင့်ပွင့်လင်းလင်း ချပြမှပဲ လုပ်သင့်တာကို ဆက်လုပ်ပါလို့ တောင်းဆိုတာပါ”ဟု ခွန်းဘီထူးက ပြောဆိုသည်။

Karenni Civil Society Network-KCSN ကို ထိုင်း–မြန်မာနယ်စပ်အခြေစိုက် ကရင်နီလူငယ်အဖွဲ့၊ အမျိုးသမီးအဖွဲ့ အပါအဝင် လူမှုအသင်းအဖွဲ့ ၉ဖွဲ့ဖြင့် ၂၀၀၉ခုနှစ်တွင် စတင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ❑❑❑

# အမှောင်ညများကို ကျော်ခိုင်းလျက်

M. ထက်ခေါင်

(၁)

ယခုလထဲ တော်လှန်ရေးအဖွဲ့အစည်းများအတွင်း စိတ်အနှောက်အယှက်ဖြစ်ဖွယ်၊ စိတ်ပူစိုးရိမ်ဖွယ် ဖြစ်ရပ်အချို့နှင့် ပတ်သက်၍ အချို့ပုဂ္ဂိုလ်များ ရေးသားအကြံပြုခဲ့ကြပြီးဖြစ်သောကြောင့် ကျနော့်အနေဖြင့် အထူးတလည် ရေးရန်လိုမည် မဟုတ်ချေ။ လောလောဆယ် ကေအဲန်ယူအတွင်း ဖြစ်ရှိခဲ့သည့် အခြေအနေကို အကျဉ်းမျှဖော်ပြပြီး ဗမာပြည်နှင့် ပတ်သက်သည့် ပညာရေး၊ ကျန်းမာရေးကဏ္ဍ ညံ့ဖျင်းမှုများနှင့် လူမျိုးရေး၊ စစ်ရေး၊ နိုင်ငံရေး ကဏ္ဍအချို့ကိုသာ အနည်းငယ်မျှ တင်ပြလိုသည်။

စစ်အုပ်စုနှင့်ငြိမ်းချမ်းရေး ဆွေးနွေးနေဆဲမှာပင် နှစ်ဘက်ဆက်ဆံရေးရုံး ဖွင့်သည့်ကိစ္စနှင့် ပတ်သက်ပြီး ကေအဲန်ယူဗဟိုနှင့် ကေအဲန်အယ်လ်အေတပ်မှူးအချို့အကြား ပြဿနာအနည်းငယ်ရှိခဲ့သည့်အပေါ် အဖွဲ့အစည်းအတွင်း ပြန်လည်သင့်မြတ်ပြေလည်စေရေး အချင်းချင်း ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ စစ်ဦးစီးချုပ် အပါအဝင် တာဝန်ရှိသူအချို့ကို ရာထူးမှလည်းကောင်း၊ ကေအဲန်ယူအဖွဲ့အစည်းဝင်အဖြစ်မှလည်းကောင်း ထုတ်ပယ်ခဲ့သောကိစ္စသည် တရားဥပဒေအထက် စစ်ဦးစီးချုပ် ရှိနေသည့် ဗမာပြည် စစ်အုပ်စုကို အတော်ကလေး မျက်ခုံးပင့် ကျော်ချမ်းသွားစေခဲ့သည်။ ကေအဲန်ယူနှင့် ကေအဲန်အယ်လ်အေတပ် ကွဲမည့်ကိစ္စအတွက် ၎င်းတို့ စိတ်တွင်းမှာတော့ အတော်ပင် ကျေနပ်အားရတက်ကြွနေကြမည် ဖြစ်သည်။

တကယ်တော့ ကေအဲန်အယ်လ်အေဆိုသည်မှာ ကေအဲန်ယူက မွေးဖွားလာသောတပ်ဖြစ်၍ ကေအဲန်ယူ အစည်းအရုံးဝင်ပင် ဖြစ်သည်။ ကေအဲန်ယူနှင့် ကေအဲန်အယ်လ်အေကို ခွဲခြားမရ။ အဖွဲ့အစည်းနှင့် တပ်ကို တသီးတခြားစီ ခွဲထုတ်ဆက်ဆံလို၍လည်း မရ။ ကေအဲန်ယူအဖွဲ့အစည်း ပြိုကွဲနိုင်မည့်ကိစ္စကို စိုးရိမ်စိတ်ဖြင့် ကြားဝင် ညှိနှိုင်း



အကြံပြုသော ကရင်အဖွဲ့အစည်းအချို့ လည်းရှိသည်။ မိမိတို့အချင်းချင်း စည်း ဝေးဆွေးနွေးပြီးနောက်တွင်ကရင်လူထု ၏ အားကိုးအားထားပြုရာ အဖွဲ့အ စည်းအဖြစ် အနှစ် ၆၀ကျော် မားမား မတ်မတ် ရပ်တည်ခဲ့သော ကေအဲန်ယူ သည် ကရင်တမျိုးသားလုံး၏ အကျိုး ကို ရှေ့ရှုပြီး အဖွဲ့အစည်း၏ ဂုဏ်သိက္ခာ နှင့် စည်းလုံးညီညွတ်မှုအတွက် စစ်ဦး စီးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များအား မူလရာထူးများပြန်လည်အပ်နှင်း ကြောင်း၊ အဖွဲ့အစည်းတွင်းမှ ပြဿ နာများကို သင်ပုန်းချေ ပြည်ဖုံးကားချ လိုက်ကြောင်း ဆုံးဖြတ်ကြေညာနိုင်ခဲ့ သည်။ ရန်သူဝမ်းသာကျေနပ်စေမည့် အဖြစ်မျိုး ရှေ့ဆက် မဖြစ်စေရေး အ ချင်းချင်း ရင်ကြားစေ့ခဲ့ကြသည်။

မည်မျှပင် သွေးဖည်လမ်းလွဲ ခြေချော်လက်ချော်ယိုင်နဲ့မှုများ ရှိခဲ့စေ ကာမူ ကေအဲန်ယူသည် ပြည်တွင်းပြည်ပ အနယ်နယ်အရပ်ရပ်မှ အားပေး ထောက်ကူမှုများဖြင့် မိမိလမ်းကြောင်းအတိုင်း တည့်မတ်ခိုင်ကျည်စွာ ဆက်လက်လျှောက်လှမ်းနိုင်ရေး မဆုတ်မနစ် လုပ်ဆောင်သွားလိမ့်မည် ဖြစ်၏။

(၂)

ဗဟာန်းအဲန်အယ်လ်ဒီရုံး၌ အမေရိကားပြန် အတွေ့အကြုံများ ရှင်းလင်းပြနေရင်း ဗမာနိုင်ငံ ပညာရေးစနစ်မှာ အနှစ် ၅၀ ကျော် ညံ့ဖျင်းခဲ့ကြောင်း ဒေါ်အောင်ဆန်းစုကြည် ပြောလိုက်သည့်သတင်းကို ဖတ်ရသည်။ ၁၉၆၂ခုနှစ်၊ မတ်လ ဗိုလ်ချုပ်နေဝင်း တော်လှန်ရေးကောင်စီက တိုင်းပြည်အာဏာကို သိမ်းပိုက်လိုက်ပြီးကတည်းက အရာရာကို ချုပ်ကိုင်နိုင်ဖို့ရန် ကြိုးစားခဲ့ခြင်း ဖြစ်သည်။ အာဏာသိမ်းပြီး မကြာမီမှာပင် နိုင်ငံရေးသမားများနှင့် တိုင်းရင်းသားခေါင်းဆောင်များကို ထောင်ထဲဖမ်းထည့်၊ ငွေစက္ကူများ တရားမဝင် သိမ်းဆည်းသည့်အပေါ် ကျောင်းသားတွေက ဆူပူကန့်ကွက်ခဲ့သည်တွင် ကျောင်းသားသမဂ္ဂကို ဗုံးခွဲကာ ကျောင်းသားတွေကို ဖမ်းဆီး နှိပ်စက် သတ်ဖြတ်ခြင်းဖြင့် ပြဿနာကို ဖြေရှင်းရန် ကြိုးစားခဲ့သည်။ ယခင်ကတည်းက ဗိုလ်ချုပ် အောင်ဆန်းအပါအဝင် ဗမာပြည် လွတ်လပ်ရေးတိုက်ပွဲဝင် ပညာတတ်ကျောင်းသားများကို ယှဉ်ပြိုင်၍ မရပဲ အမုန်းကြီး မုန်းခဲ့ သော ဗိုလ်ချုပ်နေဝင်းမှာ ဗမာနိုင်ငံ၏ ပညာရေးစနစ်ကို တမင်ပင် အချိန်ယူ ဖျက်ဆီးခဲ့ခြင်း ဖြစ်၏။

ပြည်သူပိုင်သိမ်းသည်ဟုဆိုကာ ပြည်တွင်း အရင်းရှင် လုပ်ငန်းရှင်တို့၏ စက်ရုံအလုပ်ရုံများကို သိမ်းရာတွင် သာသနာ ပြုကျောင်းများနှင့် ပုဂ္ဂလိက ကျောင်းများကိုပါ အစိုးရပိုင်အဖြစ် သိမ်းယူလျက် ဗမာနိုင်ငံ၏ ပညာရေးစနစ်ကို ထင်သလိုချယ်လှယ် ချုပ်ကိုင်နိုင်ရန် ကြိုးစားခဲ့သည်။

(၃)

၁၉၆၂ခုနှစ် မတိုင်မီက ကျောင်းဆရာ ဆရာမများအပေါ် ရှိသေလေး စားတတ်ခဲ့သူ အများအပြားမှာ ၁၉၆၂လွန်ကာလများတွင် တွေ့လာရသော ပညာရေးဝန်ထမ်း (အထူးသဖြင့် ကျောင်းဆရာမ)များအပေါ် လေးစားလိုစိတ်များ ကုန်ခမ်းလာကြသည်။ တော်လှန်ရေးကောင်စီခေတ်နှင့် မဆလခေတ် ဆရာမ အများစုမှာ စစ်ဗိုလ်၊ အရာခံဗိုလ်၊ တပ်ကြပ် စသူတို့၏ မယားတွေ ဖြစ်၏။ စစ်အုပ်စု၏ အစီအစဉ်အရ အရပ်သားဆရာ ဆရာမအချို့ကို ဖြုတ်ထုတ်၊ အချို့ကို တနယ်တကျေးပို့ကာ ၎င်းတို့လူများကို ခန့်ထားကြခြင်း ဖြစ်သည်။

စစ်အုပ်စုက ခန့်လိုက်သော ဆရာမအများအပြားမှာ တပည့်တွေ အပေါ် သဘောထား စေတနာမမှန်ကြ၊ အချို့ဆိုလျှင် တပည့်အပေါ် စေတနာလုံးဝ မရှိကြသူတွေဖြစ်သည်။ ဆရာအတတ်သင်ကျောင်းကို တက်ခဲ့သည်ဆိုသော်လည်း သင်ကြားမှု အရည်အချင်း ညံ့ဖျင်းရုံမက၊ သင်ကြားသည့် ဘာသာရပ်ကို ပိုင်နိုင်အောင် ကြိုးစားအားထုတ် လေ့လာမှုမရှိ၊ ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီ သိလှပြီဟု ထင်နေကြသူတွေသာ ဖြစ်၏။

သင်္ချာသင်သူကလည်း သင်္ချာကို ကောင်းစွာမပိုင်၊ တပည့်တွေနှင့်အတူ ဝိုင်းတွက်ရင်းမှာပင် ၎င်းတို့ကိုယ်တိုင် ချာလည် လည်နေသော ဆရာမတွေ ရှိသည်။ အင်္ဂလိပ်စာ သင်ကြားရာတွင်လည်း ပြဋ္ဌာန်းစာအုပ်မှာ အဘိဓာန်ထဲမှ အဓိပ္ပါယ်တွေ ရေး ထားပြီး တနေ့နည်းနည်း ဖတ်ပြ ဘာသာပြန်ပြသည်ကလွဲ၍ အင်္ဂလိပ်စာကို တကယ်တမ်းတတ်မြောက်အောင် မသင်တတ်သူ တွေလည်း ရှိသည်။ သင်္ချာနှင့် အင်္ဂလိပ်စာကို မဆိုထားနှင့် မြန်မာစာ မြန်မာကဗျာကိုပင် အလွဲလွဲအချော်ချော် သင်ကြားတတ်သော စစ်သားမယားများလည်း အများအပြား ရှိလေသည်။

သာသနာပြုကျောင်းများတွင် မူလတန်းကစ၍ အင်္ဂလိပ်စာသင်ခဲ့ရာမှ ပြည်သူပိုင်သိမ်းလိုက်ပြီးသည့်နောက် အခြားအ စိုးရအထက်တန်းကျောင်းများနည်းတူ(၅)တန်းရောက်မှ အင်္ဂလိပ်စာ စသင်သည့်စနစ်ကို ကြုံလိုက်ရသူများမှာ အတော်ပင် ကသိကအောက် ဖြစ်ကြရသည်။ တိုင်းပြည်နှင့်အဝှမ်း အင်္ဂလိပ်စာတွေညံ့ကုန်ပြီး ၎င်းတို့သားသမီးများပါ အင်္ဂလိပ်စာ ညံ့ဖျင်းသောအခါမှ မူလတန်းက စသင်သည့်စနစ်ကို ပြန်၍ပြောင်းခဲ့သည်။ ကျောင်းသားကျောင်းသူတို့၏ စိတ်ပါဝင်စားမှုနှင့် ပင်ကိုယ် အရည်အသွေးကို အလေးဂရုမပြု၊ ဘာသာရပ်တစ်ခု၌ သတ်မှတ်ထားသော အောင်မှတ်ထက် မဆိုစလောက် လျော့နည်းရုံဖြင့် ကျန်ဘာသာအားလုံးလိုလို ထူးချွန်သည့်တိုင် ကျရှုံးအဖြစ် သတ်မှတ်တတ်သည့် ပညာရေးစနစ်နှင့်၊ သိပ္ပံဘာသာတွဲ ဝိဇ္ဇာဘာ သာတွဲများ ခွဲခြားလိုက်ခြင်းတို့မှာ ကျောင်းသားကျောင်းသူတို့အား ၎င်းတို့ အားသန်ရာ ဘာသာရပ်ကို ၎င်းတို့သဘောနှင့်၎င်းတို့ လေ့လာလိုက်စားမှု မပြုနိုင်အောင် တားဆီးပိတ်ပင်လျက်၊ ၎င်းတို့ စိတ်ပါဝင်စားမှုမရှိသော ဘာသာရပ်ကို အမှီပြု၍ အသက်မွေးရန် ကန့်သတ်လိုက်သလို ဖြစ်နေပြီး တိုင်းပြည်တိုးတက်အောင် လုပ်ဆောင်နိုင်မည့် လူငယ်ထု၏ အနာဂတ်ကို မှောင်ချလိုက်ခြင်းသာ ဖြစ်လေသည်။ တော်လှန်ရေးကောင်စီနှင့် မဆလက စမ်းသပ်ခဲ့သည့် ပညာသင်ကြားမှုစနစ်မှာ ဗမာပြည်သား ကျောင်းသားလူငယ်များ၏ တွေးဆ ဆင်ခြင်နိုင်မှု ပမာဏနှင့် ဘဝလမ်းကြောင်းကို ဘောင်ခတ်ချုပ်ချယ် ချိုးနှိမ်စော်ကားသော ပညာရေးစနစ် ဖြစ်၏။

(၄)

မှတ်ဉာဏ်အရည်အချင်း ညံ့ဖျင်းသည့်အပြင် တွေးဆဆင်ခြင်နိုင်မှု အသိတရားမရှိ၊ လေ့လာအားထုတ်မှု နည်းပါးပြီး ကျောင်းသားတွေအပေါ်မှာပါ စေတနာ ချို့တဲ့ခေါင်းပါးသည့် ဆရာမများမှာ ယခုခေတ်တွင် မဆလခေတ်ကထက် ပို၍ များလာခဲ့ သည်။

ထိုဆရာ၊ ဆရာမတွေမှာ ငွေပေးနိုင်သော ကျောင်းသူကျောင်းသားကို အတန်းသာအောင်စေပြီး တကယ်တမ်း ပညာတတ်မြောက်အောင်မူ သင်မပေးနိုင်ကြ။

စာရေးမကို ပါးရိုက်သည့် ပါမောက္ခမ၊ ကျောင်းသူကို အဓမ္မကျောင်းထုတ်မည်ပြုသည့် ကျောင်းအုပ်ဆရာမ၊ ကျောင်းသူကျောင်းသားတွေထံမှ ကျောင်းဝင်ကြေးအပြင်လာဘ်ငွေသိန်းချီ၍ယူနေကြသည့်ကျောင်းအုပ်ဆရာမနှင့် အခြားဆရာမများ၊ မိမိကျူရှင်ကို မတက်ရကောင်းလားဆိုပြီး ကျောင်းသူကျောင်းသားကို နှိပ်စက်သည့် ကျောင်းဆရာမ၊ သူငယ်တန်းကျောင်းသားကလေးအား မဆင်မခြင် အမှောင်ခန်းပိတ်ပြီး ဒဏ်ပေးခဲ့ရာ အမှောင်ခန်းကြောက်သွားခဲ့သည့် ကလေးကို နောက်တကြိမ်တွင်လည်း ထိုသို့ ဒဏ်ပေးရန် အတင်းဆွဲခေါ်ရာတွင် ကလေးက ခဲတံနှင့်တင်ပါးကို ထိုးသောကြောင့် ကလေးကို လက်လွန်ခြေလွန် ပါးချပြီး ကလေးရှူးနေ၍ ကျောင်းသို့လာပို့စရာ မလိုကြောင်း၊ ဆေးဆရာဝန်ဆီ သွားပြဖို့လိုကြောင်း ကလေးမိခင်ကို မောက်မာစွာပြောဆိုခဲ့သည့် ဆရာမတို့မှာ စစ်အုပ်စုလက်ထက်တွင် အပြိုင်းအရိုင်း ပေါ်ပေါက်လာသော ပညာရေးဌာန အမှိုက်သရိုက်များ ဖြစ်လေသည်။ ၎င်းတို့ ထိုသို့ ပြုကျင့်ရဲခြင်းမှာ ၎င်းတို့ ကျောထောက်နောက်ခံပြုနေသော စစ်အုပ်စုက သင်ကြားပေးလိုက်သော ကြောင့်ပင် ဖြစ်၏။

ပညာရေးဆိုသည်မှာ လောကီ လောကုတ္တရာ ကောင်းကျိုးဆောင်သည့် မွန်မြတ်သောကိစ္စရပ် ဖြစ်သည်။ ဆရာထံမှောက် ပညာရပ်များကို သင်ကြားရာတွင် ရိုကျိုး တုပ်ကွ ပျပ်ဝပ် နာခံလျက်၊ ဆရာကို ချစ်ကြောက်ရိုသေခဲ့ကြသော ရှေးလူကြီးသူမများအနေဖြင့် ယနေ့ခေတ် ပညာရေးလောကတွင်းမှ ဆရာ့ကျင့်ဝတ်နှင့် မကိုက်ညီ၊ တပည့်များအား တကယ့်ပညာတတ်မြောက်အောင် သင်ကြားပေးနိုင်သည့် အရည်အချင်းမရှိသော ဆရာ ဆရာမများကို မြင်လျှင် မိမိတို့ သားမြေးများအတွက် စိတ်လက်မအေး ဖြစ်ကြရပေလိမ့်မည်။

အထူးသဖြင့် ထိုဆရာမတွေကို မိမိတို့ တာဝန်ယူသင်ကြားမည့် ဘာသာရပ်နှင့်ပတ်သက်၍ အဆင့်မြင့်မြင့် တတ်ကျွမ်း နားလည်အောင်သာမက၊ လူ့အသိစိတ်ဓာတ်နှင့် လူ့ယဉ်ကျေးမှုကိုပါ သဘောပေါက် နားလည်နိုင်ရေး လေ့ကျင့်သင်ကြားပေးဖို့ရန်လိုအပ်မည် ဖြစ်လေသည်။

(၅)

ရောဂါရှာဖွေကုသရေးနှင့် ပတ်သက်၍ ခေတ်မီ စက်ကရိယာများ တပ်ဆင်ထားသော ပုဂ္ဂလိက ဆေးရုံကြီးတွေ အများအပြား ပေါ်လာသည်။ ဆေးရုံတက်ခ သိန်းနှင့်ချီ၍ကုန်ကျမည် ဖြစ်သောကြောင့် သာမန်လက်လုပ်လက်စား လူထုအနေဖြင့် အနားပင် မကပ်နိုင်။ စစ်အုပ်စု၏ ခရိုနီတွေနှင့် စစ်အုပ်စု အစွယ်အပွားများ ဖွင့်ထားသည့် ဆေးရုံကြီးများ ဖြစ်သည်။ မဆလခေတ်က ခိုင်းနှိုင်း ပြောဆိုခဲ့သော စေတနာဆရာဝန်နှင့် အသပြာဆရာဝန်မှာ ယခုခေတ်တွင် အသပြာဆရာဝန်သာ ရှိတော့ကြောင်း သရုပ်ဖော်နေခြင်း ဖြစ်သည်။

KNU လီၢ်ခၢၣ်သးကမံးတံာ်ဖိတဂၤလၢအမ့ၢ် မါညဲ့မိၢ် စံးဝဲ "တၢ်သဘံၣ်သဘုၣ်ကဲထီၣ်အသးလၢ KNU အပူၤဒ်အံၤနၣ် မ့ၢ်တၢ်လီၤသးအုးလၢဒိတကလုာ်အဂီၢ်ဒိၣ်ဒိၣ်မုၢ်မုၢ်လီၤ. တၢ်ဂ့ၢ်အဝဲအံၤ ဖဲပကွၤကွၢ်ကွၤအဆၢကတီၢ် ပပာ်အီၤလၢတၢ်ဂ့ၢ်အရှဒိၣ်ဒီး တၢ်မၤလၢပကဘၣ်မၤအီၤဆူညါတဖၣ် ပကွၢ်ကွၤဒ်အံၤဒီး ပမၤအီၤလီၤ"အဂ့ၢ် စံးဝဲလီၤ.

တကတိၢ်ဃီ တၢ်ပာ်သးတဒ်သိးကဲထီၣ်အသးလၢခိၣ်နၢ်တဖၣ်အကျါအံၤ တၢ်ကွၤမၤဘၣ်လိာ်ဖိးဒ့ကၠၤအီၤဝံၤဒီး ကစးထီၣ်မၤဝဲဒၣ် လီၢ်ခၢၣ်သးကမံးတံာ် တၢ်အိၣ်ဖှိၣ်နၣ် ဖဲတလါအံၤ ၃၁သီအနံၤနၣ် ဒီးဖဲတဆီဝံၤ တၢ်ကစး ထီၣ်မၤကွၤဝဲ ၁၅ဝီတဝီ ခီးကရဲးတၢ်အိၣ်ဖှိၣ် ဖဲနိၣ်ဝ့ဘၢၣ် လွံၢ်နွံတနွံအပူၤ အဂ့ၢ် ပသ့ၣ်ညါဘၣ် အီၤလီၤ.

KNU ဂ့ၢ်ဂီၤခ့ၣ်တၢ်အိၣ်ဖှိၣ်



Photo-KIC

# သဝီသးပှၢ်ဃ့အိၣ်စ့ လၢပှၤလၢအမၤဝဲထံကီၢ် တၢ်ဂီၤခိၣ်တဖၣ်အအိၣ်

လါဒီးကထိဘၢၣ်၁၂သီ၂၀၁၂နံၣ်
စီၤခါဆူညဲါ(ခ့ၣ်အဲးစံၣ်)



ကညီကီၢ်စဲၣ်, ရးမတံၤကီၢ်ဆၣ် ထံဝၣ်ဘျီဒီး ပနီကျဲခံသဝီတဖၣ်အပူၤ တၢ်ဒိန့ၢ်ဝဲ သဝီဖိတၢ်ဂီၤခိၣ်ခီလီသနာ်က့ သဝီသးပှၢ် ဃ့အိၣ်စ့ လၢပှၤသဝီဖိ ဒီးကွိဖိတဖၣ်အအိၣ်အဂ့ၢ် ပှၤလၢအမၤန့ၢ် ပှၤတၢ်ဂီၤခိၣ်တဖၣ် စံးဝဲလီၤ.

ရးမတံၤကီၢ်ဆၣ်အပူၤ ထံဖိကီၢ်ဖိနီၣ်ဂံၢ်ဝဲၤလီၢ်(လဝက)ဒီး Norwegian Refugee Council-NRCတဖၣ် လဲၤမၤန့ၢ်ဝဲဒၣ် သဝီဖိတဖၣ် အတၢ်ဂီၤခိၣ် ဒီးပာ်လီၤဝဲဒၣ် သဝီတဖျၢၣ်ခံသီ စးထီၣ် ဖဲလါစဲးပထ့ဘၢၣ် တုၤလၢလါအီးကထိဘၢၣ် ၅သီအနံၤနၣ်လီၤ. သဝီသးပှၢ်တနီၤ ဃ့ဝဲဒၣ် သဝီဖိစ့ ပှၤတဂၤ ကွ့ၢ်း ၁၀၀၀ တုၤ၅၀၀၀ကွ့ၢ်းအဂ့ၢ် ထံဝၣ်ဘျီသဝီဖိတဂၤ စံးဘၣ်ဝဲ ခ့ၣ်အဲးစံၣ်လီၤ.

"တၢ်ဒိန့ၢ်ပှၤတခီ တဲဝဲလၢခီလီလီလီၤ. ဘၣ်ဆၣ်သနာ်က့ တချုးဒိဒံး ဘၣ်နၣ် ပဘၣ်လဲၤဆဲးလီၤပမံၤလၢ သဝီသးပှၢ်အအိၣ် ဒီးပဘၣ်ဟ့ၣ်လၢစ့ပယီၤ ၅၀၀၀ကွ့ၢ်းလီၤ. ကွိဖိတဖၣ် ဘၣ်ဟ့ၣ်ဝဲတကထိ"အဂ့ၢ် စံးဝဲလီၤ.

ခီဖျိဘၣ်ဟ့ၣ်စ့ဒ်နၣ်အဃိ သဝီဖိလၢအဟ့ၣ်စ့တန့ၢ်တဖၣ် ဟဲဒိတၢ်ဂီၤခိၣ် တသ့ဘၣ်အဃိ ကဲထီၣ်တၢ်ဘၣ်ဒိဘၣ်ထံးလၢ သဝီဖိတဖၣ်အဂ့ၢ် သဝီဖိတဂၤ ဆဲးတဲကဒီးဝဲလီၤ.

ထံဝၣ်ဘျီသဝီသးပှၢ်လီၢ်လံၤတဂၤ စံးဝဲ တၢ်ထၢဝဲ ပှၤတဂၤနၣ် ထဲ ၃၀၀၀ကွ့ၢ်း ဒီးတၢ်သူအီၤလၢ ပှၤဘၣ်မူဘၣ်ဒါ လၢအဟဲဒိန့ၢ်ပှၤ တၢ်ဂီၤခိၣ်လၢအမ့ၢ် လဝကဒီး NRC တဖၣ်အဂီၢ် တၢ်လၢာ်ဘူၣ်လၢာ်စ့လၢ အလိၣ်ဝဲအကလုာ်ကလုာ်အဂ့ၢ် ဒ်ဝံၣ်ဘံၣ် တၢ်ကစိၣ်ကညီကျိာ်ကွဲးလ့လီၤတၢ်ရဲၣ် တၢ်ကျဲၤအပူၤ စံးတ့ၢ်ဃာ်ဝဲလီၤ.

ဘၣ်ဆၣ်သနာ်က့ NRC ပှၤမၤတၢ်ဖိတခီ စံးဝဲ လၢကညီတၢ်ကီၢ်စဲၣ်အပူၤ ဟးမၤန့ၢ်ဝဲဒၣ် ကမျၢၢ် တၢ်ဂီၤခိၣ်ခီလီ ဒ်အမ့ၢ် One Stop Service တၢ်ရဲၣ်တၢ်ကျဲၤအသိးနၣ်လီၤ. လၢအဝဲသ့ၣ်အဂီၢ် လၢအမ့ၢ် တၢ်လဲၤတၢ်ကူၤ, အိၣ်အီဒီး တၢ်လၢာ်ဘူၣ်လၢာ်စ့အဂၤတဖၣ် ရဲၣ်ကျဲၤမၤဝဲ လၢအနီၢ်စၢ်ဒၣ်ဝဲနၣ်လီၤ.

NRC ပှၤမၤတၢ်ဖိတဂၤ စံးဝဲ "NRC ပှၤမၤတၢ်ဖိခဲလၢာ်ဃၣ်ဃၣ် တၢ်လၢာ်ဘူၣ်လၢာ်စ့ခဲလၢာ် ဝဲၤလီၢ်တဖၣ်ရဲၣ်ကျဲၤဃာ်ဝံၤလံလီၤ. သဝီသးပှၢ်တဖၣ် မၤတၢ်ဒ်အံၤ ပနၢ်ဟူဘၣ်အဃိ သးတမှာ်ဘၣ်. ဘၣ်မနုၤဃိလဲၣ်နၣ် ဃ့ဝဲစ့ဒ်အံၤအဃိ ပှၤတနီၤနီၤလိၣ်ဘၣ်ဝဲ တၢ်ဂီၤခိၣ် နီၢ်နီၢ်ဒီး တဒိဘၣ်ဝဲအဃိ" စံးဝဲဒၣ်လီၤ.

ဒ်နၣ်အသိး ရးမတံၤကီၢ်ဆၣ်, ပနီကျဲခံသဝီအပူၤစ့ၢ်ကီး သဝီသးပှၢ် ထၢစ့ ပှၤကမျၢၢ်အအိၣ်, ပှၤလၢတဒိဘၣ် တၢ်ဂီၤခိၣ်နီတဘျီဒံးနၣ် တဂၤ၄၅၀၀ကွ့ၢ်း, ပှၤလၢကဆီတလဲ တၢ်ဂီၤခိၣ်လီၢ်လံၤတဖၣ် တဂၤ ၃၅၀၀ကွ့ၢ်းအဂ့ၢ် လိၢ်ကဝီၤဖိတဖၣ် စံးဝဲဒၣ်လီၤ.

အခဲအံၤ လါအီးကထိဘၢၣ်အပူၤရးမတံၤကီၢ်ဆၣ်အပူၤနၣ် တၢ်ဒိန့ၢ်ဝဲဒၣ် ထံဖိကီၢ်ဖိတၢ်ဂီၤခိၣ် ပှၤနီၣ်ဂံၢ်ကအိၣ်ဝဲ ၇၀၀ဃၣ်ဃၣ်အဂ့ၢ်နၣ် ပသ့ၣ်ညါဘၣ် အီၤလီၤ.

"NRC ပှၤမၤတၢ်ဖိခဲလၢာ်ဃၣ်ဃၣ် တၢ်လၢာ်ဘူၣ်လၢာ်စ့ခဲလၢာ် ဝဲၤလီၢ် တဖၣ်ရဲၣ်ကျဲၤဃာ်ဝံၤလံလီၤ. သဝီသးပှၢ် တဖၣ်မၤတၢ် ဒ်အံၤပနၢ် ဟူဘၣ်အဃိသး တမှာ်ဘၣ်. ဘၣ်မနုၤဃိလဲၣ်နၣ် ဃ့ဝဲစ့ဒ်အံၤအဃိ ပှၤတနီၤနီၤလိၣ်ဘၣ်ဝဲ တၢ်ဂီၤခိၣ် နီၢ်နီၢ်ဒီး တဒိဘၣ် ဝဲအဃိ"

# ရှေ့နေ စောကျော်ကျော်မင်းအမှု အယူခံဝင်ရန် စောင့်ဆိုင်းနေ

**အောက်တိုဘာလ ၁၆ရက်၊ ၂၀၁၂ခုနှစ်။**
**(ကေအိုင်စီ)**

မြန်မာနိုင်ငံ၏ ရွှေဝါရောင်တော်လှန်ရေးအတွင်းက နိုင်ငံရေးလှုပ်ရှားသူများအတွက် အမှုလိုက်ပေးရင်း တရားရုံးတော်ကို မထီမဲ့မြင်ပြုမှု ပုဒ်မ ၂၂၈နှင့် ထောင်ဒဏ် ၆လ အပြစ်ပေးခံခဲ့ရပြီး အင်းစိန်အကျဉ်းထောင်ထဲတွင် ဖမ်းဆီးခံထားရသည့် ရှေ့နေ စောကျော်ကျော်မင်းအမှု အယူခံဝင်နိုင်ရန် စောင့်ဆိုင်းလျှက်ရှိသည်။

၎င်းအမှုနှင့် ပတ်သက်၍ အောက်တိုဘာလ ၁၂ရက်နေ့က ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ပြစ်မှုအယူခံ အမှတ် ၂၄၉/၁၂ ဖြင့် ရန်ကုန်တိုင်းဒေသကြီး တရားရုံးတွင် စာတင်ခဲ့ကြောင်းအယူခံဝင်ပေးမည့် တရားလွှတ်တော်ရှေ့နေ ဦးသန်းထွန်းအောင်(မြို့မ)က ကေအိုင်စီသို့ ပြောသည်။

"ကျနော်က ဦးစောကျော်ကျော်မင်းကို ချထားတဲ့ပြစ်ဒဏ်ဟာ ဘယ်လိုမှ ဥပဒေနဲ့ မကိုက်ညီပါဘူး။ လျှောက်တင်ချက်အရလည်း မှားနေပါတယ်ဆိုတာကို ပြောရမယ်။ သူတို့ဘက်က လက်ခံတယ်ဆိုရင်တော့ နိုင်ငံတော်ဘက်ကနေ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် လက်ထောက်ညွှန်ကြားရေးမှူးနဲ့ ကျနော်တို့ တစ်ယောက်တဖက် ပြောရမယ်" ဟု ၎င်းက ပြောဆိုသည်။



ရွှေ့နေ စောကျော်ကျော်မင်း

စောကျော်ကျော်မင်းသည် တရားရုံး မထီမဲ့မြင်ပြုမှု စွပ်စွဲချက်ဖြင့် တရားစွဲခံထားရပြီး အဖမ်းအဆီး မခံနိုင်သဖြင့် ၂၀၀၈ ဒီဇင်ဘာလဆန်းပိုင်းက ထိုင်း–မြန်မာနယ်စပ်သို့ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ပြည်ပရောက် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လာကြရန် ယမန်နှစ် ဩဂုတ်လက သမ္မတ ဦးသိန်းစိန်မှ ဖိတ်ခေါ်ခဲ့သည့်အတွက် ၂၀၁၂ခုနှစ်၊ ဖေဖော်ဝါရီလက ပြည်တော်ပြန်ခဲ့စဉ် အဖမ်းခံခဲ့ရခြင်း ဖြစ်သည်။

သို့သော် ပြည်ပမှ ပြန်လာသူများသည် တစုံတရာ ပြစ်မှုကျူးလွန်ထားပါက သက်ဆိုင်ရာ ပြစ်မှုအလိုက် အပြစ်ပေး အရေးယူခြင်း ခံရမည်ဟု သမ္မတက ပြောဆိုထားသည်။

ရှေ့နေစောကျော်ကျော်မင်း အယူခံစာတင်နိုင်ရေးအတွက် ရှေ့နေ ဦးညီညီထွေးနှင့် ဦးအောင်သူရိန်ထွန်းတို့မှ အချက်အလက်များနှင့်တကွ လိုအပ်သည်များကို လိုက်လံလုပ်ဆောင်ပေးမည်ဟု ဦးသန်းထွန်းအောင်(မြို့မ)က ပြောဆိုသည်။

အယူခံဝင်ရမည့် အမှုများကို အပတ်စဉ် သောကြာနေ့တိုင်း ရန်ကုန်တိုင်းတရားရုံးရှေ့တွင် ဖော်ပြထားပြီး ရှေ့နေ စောကျော်ကျော်မင်း၏ အမှုတွဲပါလာခဲ့ပါက တရားရုံးမှ သတ်မှတ်ဖော်ပြထားသည့် နေ့ရက်တွင် သွားရောက်အယူခံဝင်ရမည်ဟု သိရသည်။

လက်ရှိအချိန်၌ အင်းစိန်ထောင်အတွင်း ထိန်းသိမ်းခံထားရသည့် စောကျော်ကျော်မင်းကို မိသားစုဝင်မှလွဲ၍မည်သူတဦးတယောက်မျှ သွားရောက် တွေ့ဆုံခွင့်မရကြောင်းနှင့် တရားစွဲဆိုခံရသည့်ကိစ္စနှင့် ပတ်သက်၍ စောကျော်ကျော်မင်း ရေးသားထားသည့် စာတိုလေးတစ်စောင်အား မကြာသေးမီက လက်ခံရရှိခဲ့ကြောင်း ရှေ့နေဦးသန်းထွန်းက ဆိုသည်။

ရွှေဝါရောင်တော်လှန်ရေးနောက်ပိုင်း ၂၀၀၈ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ရှေ့နေစောကျော်ကျော်မင်းသည် တရားရုံးကို မထီမဲ့မြင်မှု ပုဒ်မ ၂၂၈အရ ထောင်ဒဏ် ၆လ ကျခံရန် အမိန့်ချမှတ်ခံခဲ့ရပြီး ယခု ၂၀၁၂ခုနှစ်၊ ဩဂုတ်လ ၂၉ရက်နေ့တွင် တရားရုံးမှ အရေးယူထောင်ချလိုက်ခြင်းဖြစ်ကြောင်း နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း–မြန်မာနိုင်ငံ (AAPP) ၏ မှတ်တမ်းအရ သိရသည်။ ❑

# ပြောက်ကျားတိုက် ပြည်သူ့စစ်သင်တန်း ထားဝယ်ဒေသခံ ၁၀၀ကျော် တက်ရောက်

**အောက်တိုဘာလ ၈ရက်၊ ၂၀၁၂ခုနှစ်။**
**နန်းသူးလေ(ကေအိုင်စီ)**

တနင်္သာရီတိုင်း ထားဝယ်ခရိုင်ရှိ ကမ်းရိုးတန်းစစ်ဌာနချုပ်–ကရခ၏ စစ်ဗျူဟာ(၂) ကွပ်ကဲမှုလက်အောက်ခံ ခြေလျင်တပ်ရင်း(၁၀၄)ဌာနချုပ် အခြေစိုက်သည့် ထားဝယ်မြို့ပြင်ပတွင် ပြောက်ကျားတိုက် ပြည်သူ့စစ်သင်တန်းကို ယခုလ ၅ရက်နေ့မှစ၍ စတင် သင်ကြားပေးခဲ့ရာ ဒေသခံ ၁၀၀ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ကရခ လက်အောက်ခံ ခြေလျင်တပ်ရင်းများဖြစ်ကြသည့် (၁၀၄)၊ (၂၇၃)၊ (၂၈၂)၊ (၂၈၀) နှင့် (၂၅)တို့မှ နည်းပြစုစုပေါင်း ၁၀ ဦးက ထားဝယ်ခရိုင်ရှိ မြင်းခံဘော်၊ တောင်သုံးလုံး၊ ဖောင်းတော၊ သပြုချောင်နှင့် ဝါ့ကုန်းကျေးရွာအုပ်စု စသည့်ကျေးရွာအုပ်စုများမှ ဒေသခံများကို ပြည်သူ့စစ်များအတွက် မြေပြင်ပြောက်ကျားတိုက် စစ်သင်တန်းသင်ကြားပေးခြင်းဖြစ်သည်။

မြန်မာစစ်တပ်နှင့် နီးစပ်သူတစ်ဦးက "အရင်က သင်တန်းတက်ဖူးတဲ့သူတွေပဲပြန်တက်ကြတာပါ။ ရန်သူနဲ့တွေ့ရင်ဘယ်လိုပစ်ခတ်ရတယ်နဲ့ဘယ်လိုလှုပ်ရှားဆောင်ရွက်ရတယ်ဆိုတာတွေကို သင်ပြပေးတယ်။ အဓိကတော့ စစ်ဘက်ဆိုင်ရာနဲ့ ပတ်သက်တာတွေကို သင်ပေးပါတယ်"ဟု ပြောသည်။

ယခု သင်ကြားပေးသည့် စစ်သင်တန်းသည် ၂၀၁၂ခုနှစ်၊ အောက်တိုဘာလ ၅ရက်မှ စတင်ကာ ဒီဇင်ဘာလကုန်ပိုင်းအထိ သုံးလတာ ကြာမြင့်ပြီး သင်တန်းကာလအတွင်း သင်တန်းသားများ၏ စားရေးသောက်ရေးကိစ္စများကို ခလရ(၁၀၄)တပ်ရင်းမှစီစဉ်ပေးပြီး လစာကြေးငွေ ပေးဆောင်ခြင်းမရှိကြောင်းလည်း သိရသည်။

အမည်မဖော်လိုသူ ထားဝယ်မြို့ခံတစ်ဦးကလည်း "ဒီသင်တန်းဆင်းပြီးရင် ရွာမှာပဲ ပြန်ပြီးနေရတယ်လေ။ ပြည်သူ့စစ်ဆိုတော့ ရွာကိုပဲ လုံခြုံအောင်ကာကွယ်စောင့်ကြည့်ဖို့ပဲခိုင်းတာပါ။ လက်နက်တွေလည်း စစ်တပ်ကပေးထားတယ်။ တချို့ဆို သေနတ် ပစ်တတ်နေကြပြီ"ဟု ပြောသည်။

သင်တန်းတက်ရောက်ပြီးသည့် ဒေသခံများအနေဖြင့် ကိုယ့်ကျေးရွာများတွင် ပြည်သူ့စစ် တာဝန်ထမ်းဆောင်ရာ၌ အချိန်အကန့်အသတ်မရှိဘဲ ရွာသူကြီးများကသာ ဦးစီးဆောင်ရွက်ပြီး အကယ်၍ ကျန်းမာရေးမကောင်းဖြစ်လာပါက အနားယူခွင့်ရှိကြောင်းလည်း သိရသည်။

၎င်းပြည်သူ့စစ်သင်တန်းတွင် အမျိုးသားများကိုသာ ခေါ်ယူပြီး လူလွတ်ဖြစ်စေ၊ အိမ်ထောင်သည်ဖြစ်စေ အသက် ၂၀ကျော်မှ အသက် ၅၀အထိကိုသာ ခေါ်ယူကြကြောင်း ဒေသခံများ၏ ပြောပြချက်အရ သိရသည်။

ယင်းပြည်သူ့စစ်သင်တန်းကို ပြီးခဲ့သည့် ၂၀၁၁ခုနှစ်၊ မတ်လမှစတင်ပြီး တစ်လတာကြာချိန်ဖြင့် ထားဝယ်ခရိုင်အတွင်းရှိ ဒေသခံများကို သင်ကြားပေးခဲ့ပြီးနောက် ယခုသင်ကြားပေးနေသည့် ဒုတိယအကြိမ်မြောက်သင်တန်းတွင် ယခင်တက်ရောက်ပြီးသူများနှင့် နာမကျန်းဖြစ်၍ လူအစားထိုး တက်ရောက်လာသူများကို သင်ကြားပေးနေခြင်း ဖြစ်ကြောင်း သိရသည်။ ❑❑❑

# ကုမ္ပဏီမှ သဲစုပ်ယူမှုကြောင့် ထားဝယ်မြစ်ကမ်းပါးပြိုကျကာ ဒေသခံများ မကျေနပ်

**အောက်တိုဘာလ ၃ရက်၊ ၂၀၁၂ခုနှစ်။**
**နန်းသူးလေ (ကေအိုင်စီ)**

> "ထားဝယ်မြစ် ရေပြဿနာက တော်တော်ကိုဆိုးနေ ပါတယ်၊ ကမ်းပါးတွေက ပြိုကျလာ တယ်၊ သူတို့က ဒေသခံတွေကိုလည်း ပြောပြပြီးမှ လုပ်တာမဟုတ်ဘူး၊ ပြီးတော့ ကျနော်တို့ ထားဝယ်မြို့ထဲကလည်း မဟုတ်ဘူး၊ ဘိတ်ကနေ လာပြီးမှ စုပ်တာကိုတော့ အမှန်အတိုင်း ပြောရရင် မကျေနပ်ဘူး"

တနင်္သာရီတိုင်းအတွင်းရှိ မြို့နယ်လေးခုတွင် စီးဆင်းလျှက်ရှိသော ထားဝယ်မြစ်မှ သဲများကို စင်္ကာပူဖက်စပ်ကုမ္ပဏီမှ လာရောက်စုပ်ယူနေသဖြင့် ကမ်းပါးပြိုကျမှုများ ဖြစ်ပွားနေသည့်အတွက် ထားဝယ်ဒေသခံများက မကျေမနပ် ဖြစ်နေကြသည်။

ထားဝယ်မြို့နယ်၊ သရက်ချောင်းမြို့နယ်၊ လောင်းလုံမြို့နယ်နှင့် ရေဖြူမြို့နယ်များတွင် ဖြတ်သန်းစီးဆင်းနေသော ထားဝယ်မြစ်ရေထဲမှ သဲများကို စင်္ကာပူနိုင်ငံသို့ တင်ပို့ရန်အတွက် ဘိတ်(မြိတ်)မြို့နယ်ရှိ စင်္ကာပူနှင့် စီးပွားရေး ဖက်စပ်လုပ်ကိုင်နေသည့် ကျော်ကျော်ဖြိုးကုမ္ပဏီမှ လာရောက်စုပ်ယူခြင်းဖြစ်ကြောင်း ထားဝယ်မြို့ခံ ကိုစိုးသိန်းက ပြောသည်။

ကိုစိုးသိန်းက "ထားဝယ်မြစ်ရေပြဿနာက တော်တော်ကိုဆိုးနေပါတယ်။ ကမ်းပါးတွေက ပြိုကျလာတယ်။ သူတို့က ဒေသခံ တွေကိုလည်း ပြောပြပြီးမှ လုပ်တာမဟုတ်ဘူး။ ပြီးတော့ ကျနော်တို့ ထားဝယ်မြို့ထဲကလည်း မဟုတ်ဘူး။ ဘိတ်ကနေ လာပြီးမှ စုပ်တာကိုတော့ အမှန်အတိုင်း ပြောရရင် မကျေနပ်ဘူး"ဟု ကေအိုင်စီသို့ ပြောသည်။

လက်ရှိအချိန်တွင် ကျော်ကျော်ဖြိုးကုမ္ပဏီမှ သင်္ဘော ၈စီးဖြင့် သရက်ချောင်းမြို့နယ်ထဲတွင် စတင်စုပ်ယူနေပြီး ပင်လယ်ဝအထိ စုပ်ယူသွားမည်ဟု ကြားသိထားကြောင်း သရက်ချောင်းမြို့နယ်ဘက်မှ ဒေသခံများက ပြောဆိုနေကြသည်။

အမည်မဖော်လိုသူ ဒေသခံတစ်ဦးက "ကျနော်တို့က မစုပ်စေချင်လို့တော့ မဟုတ်ပါဘူး။ ဒါပေမယ့် ထားဝယ်မြစ်ရေက တော်တော်လေးကို တိမ်နေပြီ။ ထားဝယ်နားမှာဆို တော်တော်လေးကို အခြေအနေဆိုးနေပြီ။ သင်္ဘောတွေဘာတွေ ဝင်လို့တောင် မရတော့ဘူး။ ရေတက်တဲ့ အချိန်လောက်မှပဲ ဝင်လို့ရတယ်"ဟု ပြောသည်။

ထို့အပြင် မြစ်ရေအတွင်းရှိ သဲများကို မဖြစ်မနေ စုပ်ယူမည်ဆိုပါက ရေအောက်အနက် မည်မျှအထိ စုပ်ယူမည့်အကြောင်းနှင့် ကမ်းပါးများပြိုကျမှုအတွက် မည်သို့လုပ်ဆောင်ပေးမည်တို့ကို ၎င်းကုမ္ပဏီများဘက်မှ လာရောက် အသိပေးစေချင်ကြောင်းလည်း ထားဝယ်မြို့ခံများက ပြောဆိုသည်။

သို့သော် ကုမ္ပဏီများဘက်မှ တစုံတရာ အကြောင်းကြားလာခြင်း၊ အသိပေးခြင်းများမရှိသဖြင့် သဲစုပ်ယူနေသည့်အရေးကိစ္စကို ဖြေရှင်းဆောင်ရွက်ပေးရန် ထားဝယ်ဒေသခံ ၃၀၀ဦးက လက်မှတ်ရေးထိုးကာ ၎င်းစာကို ၈၈မျိုးဆက်သစ်ကျောင်းသားခေါင်းဆောင်များနှင့် ထားဝယ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ သမ္မတ ဦးသိန်းစိန်ထံ စက်တင်ဘာလက တင်ပြခဲ့ပြီးဖြစ်ကြောင်းလည်း ကိုစိုးသိန်းက ယခုလို ပြောသည်။

"စာအပေါ်မှာ သမ္မတဆီကတော့ ဘာအကြောင်းမှ ပြန်ကြားလာတာ မရှိသေးပါဘူး။ ကုမ္ပဏီဘက်က ပြောတာကတော့ ပြည်ထောင်စုဝန်ကြီးက ချပေးလို့လုပ်တဲ့ ပုံစံမျိုးနဲ့ ပြောတယ်။တိုင်းဒေသကြီးကော ပြည်သူလူထုက ဘာမှလုပ်ပိုင်ခွင့်မရှိဘူးလားလို့ ကျနော်တို့က ပြန်မေးပါတယ်။မြန်မာနိုင်ငံမှာ ဧရာဝတီမြစ်ရေစီးဆင်းသလိုမျိုး ထားဝယ်မြစ်ရေက ကျနော်တို့အတွက် အင်မတန် အရေးကြီးပါတယ်"ဟု ပြောသည်။

ယခုနှစ်ဆန်းပိုင်းမှစ၍ တနင်္သာရီတိုင်းအတွင်း အီတာလျံထိုင်းကုမ္ပဏီမှ ရေနက်ဆိပ်ကမ်းစီမံကိန်းလုပ်ငန်းများကို စတင်အကောင်အထည်ဖော်နေမှုကြောင့် စီမံကိန်းနေရာများမှ ဒေသခံပြည်သူများ အိုးအိမ်ပြောင်းရွှေ့ပေးခဲ့ရသလို ကားကြီးများဖြတ်သန်းမှုကြောင့် လမ်းများပျက်စီးနေပြီး ဒေသခံများမှ သွားလာရေးအခက်အခဲများနှင့် ကြုံတွေ့နေကြရသည်။ ❑❑❑

# ပြည်တွင်းတက္ကသိုလ် တက်ရောက်နိုင်ရန် ရွှေ့ပြောင်းကျောင်းသားများ စခန်းသွင်း လေ့ကျင့်နေ

**အောက်တိုဘာလ ၃ရက်၊ ၂၀၁၂ခုနှစ်။**
**စ'ဖန်းရှောင်း (ကေအိုင်စီ)**

မြန်မာပြည်ရွှေ့ပြောင်း ကျောင်းသူကျောင်းသားများအား ကရင်ပြည်နယ်အတွင်းရှိ သက်ဆိုင်ရာ စာစစ်ဌာနများတွင် တက္ကသိုလ်ဝင်တန်းဝင်ရောက်ဖြေဆိုနိုင်ရန် ယမန်နေ့(အောက်တိုဘာလ ၂ရက်)က စတင်ပြီး စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

မြန်မာရွှေ့ပြောင်းပညာရေး ထောက်ပံ့မှုဖောင်ဒေးရှင်းနှင့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ ပညာရေးကော်မတီ-BMWEC တို့ ပူးပေါင်းပြီး စက်တင်ဘာလ ၂၅ရက်နေ့တွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းထံ သွားရောက်ဆွေးနွေးခဲ့ရာ ရွှေ့ပြောင်းမြန်မာကျောင်းသားများ၏ ပညာရေးနှင့်ပတ်သက်၍ သဘောတူညီမှုများရရှိခဲ့သည့်အပေါ် ယခုလို စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်ရခြင်းဖြစ်ကြောင်း BMWEC ဥက္ကဌ နော်ဖောရေက ပြောသည်။

"ဒီနယ်စပ်တလျှောက်မှာရှိတဲ့ ရွှေ့ပြောင်းမြန်မာကျောင်းတွေမှာ မြန်မာပြည် သင်ရိုးညွှန်းတမ်းအတိုင်း သင်တဲ့ကျောင်းက နည်းတယ်လေ။ အဲဒီတော့ ဒီက ကျောင်းသူကျောင်းသားတွေ ကရင်ပြည်နယ်အတွင်းရှိ သက်ဆိုင်ရာ စာစစ်ဌာနများမှာ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို အခက်အခဲမရှိ ဖြေဆိုနိုင်အောင် အခုလို စခန်းသွင်းလေ့ကျင့်မှုတွေ ပြုလုပ်ပေးနေတာပါ"ဟု နော်ဖောရေက ပြောသည်။

ယင်းသို့ဆွေးနွေးရာတွင် ရွှေ့ပြောင်းမြန်မာကျောင်းသားများ၏ ပညာရေးအဆင့်အတန်းအလိုက် ကရင်ပြည်နယ်အတွင်းရှိ ကျောင်းများတွင် ပညာသင်ခွင့်ရရှိရေးနှင့် ရွှေ့ပြောင်းကျောင်းများမှ အထက်တန်းအဆင့် ကျောင်းသူကျောင်းသားများ အနေဖြင့် ပြည်နယ်အတွင်းရှိ တက္ကသိုလ်ဝင်တန်းစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုနိုင်ရန် ရည်ရွယ်၍ ဆွေးနွေးခဲ့ကြခြင်းလည်း ဖြစ်သည်။

ရွှေ့ပြောင်းမြန်မာကျောင်းသူကျောင်းသားများအနေဖြင့် အဆင်ပြေချောမွေ့စွာ စာမေးပွဲ ဖြေဆိုနိုင်ရန် ပြည်နယ်အစိုးရမှ သဘောတူခွင့်ပြုချက်ရရှိထားသကဲ့သို့ ပြည်နယ်ဝန်ကြီးချုပ်ကိုယ်တိုင် သက်ဆိုင်ရာအစိုးရအဖွဲ့များနှင့် ပညာရေးဝန်ကြီးဌာနများသို့ တင်ပြထားပြီးဖြစ်ကြောင်း ကရင်ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ကေအိုင်စီသို့ ပြောသည်။

၎င်းက "ရွှေ့ပြောင်းကျောင်းသူကျောင်းသားများရဲ့ပညာရေးသာမက ပြည်နယ်အစိုးရအဖွဲ့ရဲ့ဦးဆောင်မှု၊ လမ်းညွှန်မှုတို့နဲ့အညီ ပြည်တွင်းသို့ ပြန်လည် အခြေချနေထိုင်မည့်သူများအတွက် ကျန်းမာရေး၊ ပြန်လည်နေရာချထားရေး စတဲ့ကဏ္ဍအသီးသီးမှာလည်း အတတ်နိုင်ဆုံး ဆောင်ရွက်နိုင်အောင် အစီအစဉ်များ စတင်ရေးဆွဲနေပါပြီ"ဟု ဆိုသည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုရာ၌ ရွှေ့ပြောင်းကျောင်းသူကျောင်းသားများအနေဖြင့်အပြင်ဖြေအဖြစ်သာ ဖြေဆိုရမည်ဖြစ်ပြီး ၎င်းတို့ကို သတ်မှတ်ထားသည့် အရည်အချင်းများနှင့်အညီ စိစစ်ရွေးချယ်သွားလျှက်ရှိရာ လက်ရှိအချိန်တွင် အရည်အချင်း စစ်ဆေးအောင်မြင်ပြီးထားသည့် ကျောင်းသူကျောင်းသား ၇၀ဦးကို ပြည်နယ်အတွင်းရှိ သက်ဆိုင်ရာပညာရေးဌာနများသို့ စာရင်းပေးသွင်းထားပြီး ဖြစ်သည်။

ထို့အပြင် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဖြေဆိုအောင်မြင်သော ကျောင်းသူကျောင်းသားများ အနေဖြင့်နိုင်ငံတော်မှသတ်မှတ်ထားသည့်အတိုင်း သက်ဆိုင်ရာပြည်တွင်းရှိ တက္ကသိုလ်အသီးသီးသို့ ဝင်ရောက်ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူကဆက်ပြောသည်။

ပြည်နယ်အတွင်းရှိစာစစ်ဌာန အသီးသီးတွင် ဖြေဆိုမည့် ကျောင်းသူကျောင်းသားများကိုBMWECအနေဖြင့် ထောက်ခံချက်ပေးရမည်ဖြစ်ပြီး မှတ်ပုံတင်မရှိသူများအနေဖြင့် ယာယီမှတ်ပုံတင်ကတ်နှင့် လိုအပ်သော သင်ရိုးညွှန်းတမ်းစာအုပ်များ၊ ဗလာစာအုပ်များကို ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ကူညီပံ့ပိုးပေးသွားမည်ဟု သိရသည်။

ဆက်လက်၍ရွှေ့ပြောင်းကျောင်းများနည်းတူ ပြည်တွင်းနယ်စပ် IDP နေရာများနှင့် နယ်စပ်တစ်လျှောက်ရှိ ကျောင်းများတွင် ပညာရေးဆိုင်ရာဆောင်ရွက်မှုများကို ကရင်ပြည်နယ်အစိုးရအဖွဲ့၊ မြန်မာရွှေ့ပြောင်းပညာရေးဖောင်ဒေးရှင်းနှင့်အတူ BMWEC တို့မှ ပူးပေါင်းလုပ်ဆောင်သွားမည်ဟုလည်း နော်ဖောရေက ပြောသည်။

ထိုင်း-မြန်မာနယ်စပ်တစ်လျှောက် ရွှေ့ပြောင်းကျောင်း ၇၄ ကျောင်းတွင် ကျောင်းသူကျောင်းသားပေါင်း၇သောင်းဝန်းကျင်ခန့်ရှိပြီး BMWECမှာ၎င်းရွှေ့ပြောင်းကျောင်း ဆရာ၊ ဆရာမများအား အရည်အချင်းမြှင့်တင်ပေးခြင်း၊ ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ခြင်း၊ ကျောင်းသူကျောင်းသားများအား သင်ထောက်ကူပစ္စည်းများ ကူညီလုပ်ဆောင်ပေးနေသည့်ပညာရေးကော်မတီတစ်ခု ဖြစ်သည်။ ❑

# ကမ္ဘာ့ဆရာများနေ့ မဲဆောက်မြို့တွင် ကျင်းပ

**အောက်တိုဘာလ ၅ရက်၊ ၂၀၁၂ခုနှစ်။**
**နန်းသူးလေ (ကေအိုင်စီ)**

ထိုင်းနိုင်ငံ တာ့ခ်ခရိုင်၊ မဲဆောက်မြို့ရှိ Child Development Center- CDC ကျောင်းတွင် ရွှေ့ပြောင်းမြန်မာကျောင်းများ စုပေါင်း၍ ၈ကြိမ်မြောက် ကမ္ဘာ့ဆရာများနေ့ကို ယနေ့နံနက်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။

စေတနာ၊ ဝါသနာ၊ အနစ်နာ ဆိုသည့် နာသုံးနာနှင့် အနာဂတ်မျိုးဆက်သစ်လေးများအတွက် ပညာသင်ကြားပေးနေသော ဆရာ၊ ဆရာမများကို ဂုဏ်ပြုသည့်အနေဖြင့် အခမ်းအနားကို နှစ်စဉ် ကျင်းပခဲ့ရခြင်းဖြစ်ကြောင်း မဲဆောက်အခြေစိုက် မြန်မာရွှေ့ပြောင်းဒေသ ဆရာ၊ ဆရာမများအစည်းအရုံး-BMTA ဥက္ကဌလည်းဖြစ်၊ CDC ကျောင်းအုပ်လည်းဖြစ်သည့် ဆရာမန်းရွှေနှင်းက ပြောသည်။

ဆရာမန်းရွှေနှင်းက "ရွှေ့ပြောင်းဆရာ၊ ဆရာမတွေရဲ့ တန်ဖိုး၊ ပေးဆပ်မှုတွေက သမိုင်းတွင်လောက်တယ်။ ဒါကြောင့် ဒီလိုမျိုးပွဲကို ကျနော်တို့က ဆရာ၊ ဆရာမတွေ စုစုစည်းစည်းနဲ့ သူတို့ရဲ့ခံစားချက်တွေ၊ သူတို့ရဲ့ ရင်ထဲက အပူအပင်တွေ နည်းနည်းလေးဖြစ်ဖြစ်သက်သာသွားနိုင်ဖို့လည်းပဲ နှစ်စဉ်နှစ်တိုင်း ကျင်းပခဲ့တာဖြစ်ပါတယ်"ဟု ကေအိုင်စီသို့ ပြောသည်။

မနက် ၉နာရီခွဲတွင် စတင်သည့် ၎င်းအခမ်းအနားကို ဆရာ၊ ဆရာမများ ရှေ့ဆက် ရပ်တည်သွားနိုင်ကြရန် Take a Stand For Teachers! ဆိုသည့်ဆောင်ပုဒ်ဖြင့် ယနေ့ပြုလုပ်သည့် ဆရာ၊ ဆရာမများနေ့တွင် ပြသခဲ့ကြသည်။

ရွှေ့ပြောင်းမြန်မာကျောင်း ဆရာတဦးဖြစ်သူ ဆရာဇော်ထက်က "ရွှေ့ပြောင်းကျောင်းက ဆရာ၊ ဆရာမတွေကို ဂုဏ်ပြုပြီးတော့ ဆောင်ပုဒ်လေးတစ်ခုလုပ်တာ သိပ်ကောင်းပါတယ်။ ဒီမှာရှိတဲ့ ဆရာ၊ ဆရာမတွေကလည်း ကျောင်းသူ၊ ကျောင်းသားတွေအတွက် စံပြဖြစ်ဖို့ လိုအပ်တယ်"ဟု ပြောသွားခဲ့သည်။

ကမ္ဘာ့ဆရာများနေ့ အခမ်းအနား တက်ရောက်သည့် CDC မှ ဆယ်တန်းကျောင်းသူ နော်ရိုမီထူးကလည်း ကိုယ်ကျိုးစွန့် အနစ်နာခံပြီး လူမှုရေးစိတ်ဓါတ် အပြည့်အဝဖြင့် ကျောင်းသူကျောင်းသားများကို ပညာသင်ကြားပေးနေသည့် ဆရာ၊ ဆရာမများအပေါ် ကျေးဇူးတင်မိကြောင်း ယခုလို ပြောသည်။

နော်မေထူးက "အခုအချိန်မှာဆိုရင် ကျောင်းတိုင်းမှာလိုလို ထောက်ပံ့မှုတွေ လျော့သွားတယ်။ လျော့သွားပေမယ့်လို့လည်း သူတို့ရဲ့ အခက်အခဲတွေကြားကနေပဲ ကျောင်းသူကျောင်းသားတွေကို ပစ်မသွားဘူး။ အနစ်နာခံပြီး ပညာသင်ကြားပေးနေကြတာပါ"ဟု ပြောသည်။

BMTAမှဦးစီးကျင်းပခဲ့သည့် ယနေ့အခမ်းအနားသို့ မြန်မာရွှေ့ပြောင်းဆရာ၊ဆရာမများ၊ ကျောင်းသူကျောင်းသားများ၊ ရပ်မိရပ်ဖများ၊ နိုင်ငံခြားသားများနှင့် သတင်းထောက်များ အပါအဝင် လူဦးရေ ၄၀၀နီးပါး တက်ရောက်ခဲ့ကြပြီး အခမ်းအနား အစီအစဉ်အရ ပရိသတ်များကို BMAT ၏ လုပ်ငန်းအစီရင်ခံစာများ၊ ဘဏ္ဍာရေးအစီရင်ခံစာများကို တင်ပြခြင်းများအပြင် စာစီစာကုံးပြိုင်ပွဲ၊ ဘောလုံးပြိုင်ပွဲများအတွက် ဆုပေးပွဲများ၊ ဖျော်ဖြေရေးအစီအစဉ်များဖြင့် ညနေ ၄နာရီတွင် ရုတ်သိမ်းခဲ့သည်။

မဲဆောက်မြို့တွင် ထိုင်းပညာရေးဌာနတွင် မှတ်ပုံတင်ထားသည့် တရားဝင်ကျောင်းပေါင်း ၇၄ကျောင်းနှင့် မှတ်ပုံမတင်ရသေးသည့်ကျောင်း ၈ကျောင်းရှိရာ စုစုပေါင်း ဆရာ၊ဆရာမဦးရေ ၈၃၀ဦးရှိသည်။ Burma Migrant Teacher Association-BMTA ကို ၂၀၀၅ခုနှစ်၊ အောက်တိုဘာလ ၁၇ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး မဖွဲ့စည်းမီကတည်းက ကမ္ဘာ့ဆရာများနေ့ကို ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းကျောင်းဆရာ ဆရာမများက ကျင်းပခဲ့ကြသည်။ ❑



ကမ္ဘာ့ဆရာများနေ့ အခမ်းအနားတွင် ကျောင်းသူကျောင်းသားလေးများ တေးသီချင်း သီဆိုနေစဉ်

# KNU တပ်မဟာ(၆)တွင် လူထုရှင်းလင်းပွဲပြုလုပ်

**အောက်တိုဘာလ ၁၆ ရက်၊ ၂၀၁၂ ခုနှစ် ။**
**(ကေအိုင်စီ)**

ကရင်ပြည်နယ်ကော့ကရိတ်မြို့နယ်အတွင်းရှိကရင်အမျိုးသားအစည်းအရုံး–ကေအဲန်ယူ တပ်မဟာ(၆)တွင် ကော့ကရိတ်မြို့နယ် အတွင်းရေးမှူး အပါအဝင် စစ်ဘက်ဆိုင်ရာ ခေါင်းဆောင်အချို့တို့က ဒေသတွင်းကျေးရွာ လူထုများအား ယခုရက်ပိုင်းအတွင်း ရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။

ရှင်းလင်းပွဲသို့တက်ရောက်သည့်လူထုများက ကေအဲန်ယူခေါင်းဆောင်များအကြား သဘောထားကွဲ လွဲကြောင်း သတင်းထွက်ပေါ်ခဲ့မှုနှင့် ပတ်သက်၍ ခေါင်းဆောင်များအချင်းချင်း စည်းလုံးညီညွတ်မှုရှိကြရန် တိုက်တွန်းခဲ့ကြောင်း သိရသည်။

ယင်းကိစ္စအပေါ်ကော့ကရိတ်မြို့နယ်အတွင်းရေးမှူးပဒိုစောအယ်ကော်သောက "ကေအဲန်ယူမှာဖြစ်တဲ့ ခေါင်းဆောင်အချင်းချင်း တခဏတာအတွင်းမှာ အမြင်မတူမှုကြောင့် အလုပ်မှာ လုပ်နည်းလုပ်ဟန် မတူကြပေမယ့် ပန်းတိုင်ဟာ တစ်ခုတည်းပဲဖြစ်တဲ့အတွက် ဘာမှစိုးရိမ်စရာ မလိုဘူးလို့ လူထုတွေကို ကျနော်တို့ ရှင်းပြခဲ့ပါတယ်"ဟု ပြောဆိုသည်။

ယခု အောက်တိုဘာလ ၁၃ရက်မှ ၁၆ရက်နေ့အထိ ကေအဲန်ယူ ကော့ကရိတ်မြို့နယ်အတွင်းရေးမှူး ပဒိုစောအယ်ကော်သော၊ တပ်မဟာ (၆)မှ တပ်ရင်း(၂၀၁)မှူး ဒုဗိုလ်မှူးကြီးဘူးဖော၊ တပ်ရင်း(၁၀၃)မှူး ဒုဗိုလ်မှူးကြီးနေစေးနှင့် အခြားခေါင်းဆောင်အချို့က နိုင်ငံရေး၊ ပညာရေးနှင့် ကျန်းမာရေးကိစ္စများနှင့် ပတ်သက်၍ လူထုအား ရှင်းလင်းပြောဆိုခဲ့ခြင်း ဖြစ်သည်။

ပဒိုစောအယ်ကော်သောက "ကျနော်နယ်မြေထဲမှာ လူထုနဲ့ ပိုပြီးတော့ နီးစပ်အောင် အမြဲနေရမှာဖြစ်တဲ့အတွက် ဒီလိုရှင်းလင်းပွဲတွေ ပြုလုပ်ရတာပါ။ လူထုတွေကလည်း ကျနော်တို့ရဲ့ ရှင်းလင်းမှုတွေကို ကြိုဆိုတာ တွေ့ရပါတယ်။ နောက်လောလောဆယ် တိုက်ပွဲတွေ မရှိတဲ့အတွက် လူထုတွေက လုပ်ကိုင်စားသောက်မှုတွေ နည်းနည်းအဆင်ပြေလာတယ်"ဟုပြောဆိုသည်။

ဆက်လက်၍ ကော့ကရိတ်မြို့နယ်အတွင်း ကျေးရွာများအတွက် အလယ်တန်းကျောင်း ဖွင့်လှစ်နိုင်ရန် ဗဟိုက ပညာရေးဌာနနှင့် တိုင်ပင်ပြီး လုပ်ဆောင်သွားမည်ဟု လူထုရှင်းလင်းပွဲတွင် ပါဝင်သည့် ခေါင်းဆောင်များက ပြောသည်။

ထိုလူထုရှင်းလင်းပွဲကို အောက်တိုဘာလ ၁၃၊ ၁၅နှင့် ၁၆ရက်နေ့များတွင် နေရာခွဲ၍ ထီးနူကျေးရွာ၊ ဒုတိယနေ့အဖြစ် ကလော်ဝေါ်ရွာနှင့် တတိယနေ့အဖြစ် ကော်ချဲရွာတို့တွင် သုံးကြိမ် ပြုလုပ်ခဲ့ကြပြီး ထီးနူ၊ အို့ဖိုးထာ့၊ ကနဲလေး၊ လယ်ခေါ၊ ကလော်ဝေါ်၊ ခေါ်ဖိုးခီး၊ ဖောဘုလာ့ထာ့၊ ကော်ချဲ၊ မောခီး၊ မောဖိုးကလိုး၊ လားတိုနှင့် ကွီးချဲဘော စသည့်ရွာများမှ ဒေသခံလူထု ၂၀၀ကျော်အထိ တက်ရောက်ခဲ့ကြသည်ဟု ပါဝင်ခဲ့သူများက ပြောသည်။

ကော့ကရိတ်မြို့နယ်အတွင်းရှိ လူထုများကို ပုံမှန်အားဖြင့် တနှစ်လျှင် ၂ကြိမ် ရှင်းလင်းပွဲများ ပြုလုပ်ကျင်းပလျှက်ရှိရာ ယခုပြုလုပ်သည့် လူထုရှင်းလင်းပွဲကို ခေတ္တရပ်ထားပြီး နောက်ပိုင်းတွင် ဆက်လက် လုပ်ဆောင်သွားမည်ဟု ကော့ကရိတ်မြို့နယ်မှ ကေအဲန်ယူခေါင်းဆောင်များက ဆိုသည်။ ❑❑❑



Karen Information Center မှ လစဉ် ထုတ်ဝေဖြန့်ချီသည်။

# RCSS/SSA ခေါင်းဆောင် စဝ်ယွက်စစ်၏ အတိုင်ပင်ခံ ကရင်အမျိုးသား ဗိုလ်မှူးကြီးကွယ်လွန်

**အောက်တိုဘာလ ၁၆ရက်၊ ၂၀၁၂ခုနှစ်။**

**စဖန်းရှောင်း (ကေအိုင်စီ)**

သျှမ်းပြည်တောင်ပိုင်း တပ်မတော် RCSS/SSAရှိ ဒုတိယဗိုလ်ချုပ်ကြီး စဝ်ယွက်စစ်၏ အတိုင်ပင်ခံအဖြစ် ဆောင်ရွက်ခဲ့သည့် ကရင်အမျိုးသားတစ်ဦးဖြစ်သူ ဗိုလ်မှူးကြီး စောချစ်ဆွေသည် အောက်တိုဘာလ ၁၃ရက်နေ့ ညနေပိုင်းတွင် ကွယ်လွန်သွားခဲ့သည်ဟု သိရသည်။

ကွယ်လွန်ချိန်တွင် အသက် ၇၄နှစ်ရှိပြီးဖြစ်သည့် ဗိုလ်မှူးကြီး စောချစ်ဆွေသည် သွေးတိုး၊နှလုံး၊ကျောက်ကပ်ရောဂါများဖြင့် ထိုင်းနိုင်ငံ၊ ချင်းမိုင်ရှိ သူ၏နေအိမ်တွင် ကွယ်လွန်သွားခဲ့ခြင်းဖြစ်သည်။



ဗိုလ်မှူးကြီး စောချစ်ဆွေ

ဗိုလ်မှူးကြီးစောချစ်ဆွေ သည် ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်ပြီး ကရင်၊ ပအိုဝ်းနှင့် သျှမ်းစကားတို့ကို ကျွမ်းကျင်စွာ ပြောဆိုနိုင်သည့်အပြင် အဖွဲ့အစည်းအတွင်း၌လည်း တာဝန်ကို အလေးထားသူဖြစ်ကြောင်း ၎င်းနှင့် ရင်းနှီးသောမိတ်ဆွေဖြစ်သူ သျှမ်းသံတော်ဆင့် သတင်းဌာနအယ်ဒီတာ ဦးခွန်ဆိုင်းက ပြောသည်။

သူ(စောချစ်ဆွေ)က အလုပ်တာဝန်ကို အရေးထားတယ်။ သစ္စာရှိတယ်။ အဲဒါကြောင့်လည်း သေတဲ့အထိ သျှမ်းပြည်တပ်မတော်နဲ့ လက်တွဲ အလုပ်လုပ်နိုင်တာပေါ့”ဟု ဦးခွန်ဆိုင်းက ကေအိုင်စီသို့ပြောသည်။

သူသည် မွန်ပြည်နယ်ရှိ သထုံဇာတိဖြစ်ပြီး ၁၉၃၈ခုနှစ်၊ ဇူလိုင်လ ၂၅ရက်နေ့တွင် မွေးဖွားကာ ၁၉၅၈–၅၉ခုနှစ်တွင် လူထုပညာရေး သင်တန်း တက်ရောက်ပြီးနောက် သျှမ်းပြည်တောင်ပိုင်း၊ လွယ်လင်မြို့နယ်ရှိ ပအိုဝ်းလူမျိုးအများဆုံးနေထိုင်ရာ လွယ်ဂျယ်ရွာတွင် ကျောင်းဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်ဟု သိရသည်။

ထို့နောက် ၁၉၆၀ခုနှစ်၌ ဗိုလ်မှူးကြီးစောချစ်ဆွေသည် ကျောင်းဆရာဘဝကို စွန့်လွှတ်ကာ ပအိုဝ်းအမျိုးသား လက်နက်ကိုင်တော်လှန်ရေးဖြစ်သည့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့(ပအလဖ)သို့ ဝင်ရောက်ခဲ့ပြီးနောက် ၁၉၆၇ခုနှစ်တွင် သျှမ်းပြည်တပ်မတော် SSA/ SNIA နှင့် ပူးပေါင်းကာ စစ်ရေးမဟာမိတ်ချုပ်ဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၆၈ခုနှစ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)က ၎င်းတို့နှစ်ဖွဲ့ကို ဝင်ရောက်တိုက်ခိုက်ခဲ့သောကြောင့် ပအလဖသည် ဗကပနှင့် ပူးပေါင်းသော်လည်း ဗိုလ်မှူးကြီးစောချစ်ဆွေသည် မဟာမိတ်ဖြစ်သော သျှမ်းပြည်စည်းလုံးညီညွတ်သည့် တော်လှန်ရေးတပ်မတော်-SURA တွင် ဝင်ရောက်ခိုလှုံကာ SURA ခေါင်းဆောင် ဗိုလ်မိုးဟိန်း(ခေါ်) စဝ်ကွဏ်ဇိန်း၏ ကိုယ်ရေးအရာရှိ ဖြစ်လာခဲ့သည်။

ဗိုလ်မိုးဟိန်း ကွယ်လွန်ပြီးနောက် သျှမ်းပြည်တော်လှန်ရေးတွင် ဆက်လက်ပါဝင်၍ လက်ရှိ RCSS/ SSA ခေါင်းဆောင် ဒုဗိုလ်ချုပ်ကြီး စဝ်ယွက်စစ်၏ အတိုင်ပင်ခံအဖြစ် ကွယ်လွန်သည်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

လက်ရှိ သျှမ်းတော်လှန်ရေးတွင် ဗိုလ်မှူးကြီးစောချစ်ဆွေကဲ့သို့ ကရင်လူမျိုး အများအပြားသည် သျှမ်းလူမျိုးနှင့်အတူ တတတ်တအား တာဝန်ထမ်းဆောင်လျှက်ရှိကြောင်း ဦးခွန်ဆိုင်းက ပြောသည်။

ဗိုလ်မှူးကြီးစောချစ်ဆွေ သည် ကွယ်လွန်ချိန်တွင် ဇနီးနန်းရွှေအိမ်နှင့်အတူ သား ၃ဦးနှင့် သမီး ၁ဦး ကျန်ရစ်ပြီး သားသုံးဦးစလုံးမှာ သျှမ်းပြည်တောင်ပိုင်းတပ်မတော်တွင် လက်ရှိ တာဝန်ထမ်းဆောင်လျှက်ရှိသည်။

ကွယ်လွန်သူဗိုလ်မှူးကြီးစောချစ်ဆွေ၏ ရုပ်အလောင်းကို အောက်တိုဘာလ ၁၈ရက်နေ့တွင် ချင်းမိုင်ခရိုင်၊ ဝိန်းဟိုင်မြို့နယ်ရှိ ပိန်းလုံညွှဲ့သချိုင်းတွင် ဈာပနအခမ်းအနားဖြင့် သင်္ဂြိုဟ်မည်ဖြစ်ကြောင်း သိရသည်။

## သောက်ရေခပ် တမံပိတ်ဆို့မှုကြောင့် ရေလျှံထွက်ပြီး ဒေသခံများ ကူးသန်းရောင်းဝယ်ရန် အခက်ကြုံ

**အောက်တိုဘာလ ၁၆ ရက်၊ ၂၀၁၂ ခုနှစ်။**

**ကေအိုင်စီ**

ပဲခူးတိုင်း၊ တောင်ငူမြို့နယ်တွင် မြန်မာအစိုးရနှင့် ရွှေစွမ်းအင်(အေးရှားဝေါ)ကုမ္ပဏီတို့ ပူးပေါင်းသည့် သောက်ရေခပ် ရေလှောင်တမံပိတ်ဆို့မှုကြောင့် ချောင်းရေစီးဆင်းမှုရပ်တန့်ကာ ရေလျှံထွက်သည့် အတွက် တောင်သူဒေသခံ လူထုမှာ ကုန်စိမ်းများ ကူးသန်းရောင်းဝယ်ရန် လမ်းပမ်းဆက်သွယ်ရေး ခက်ခဲလျှက်ရှိသည်။

သောက်ရေခပ်ချောင်း ပေါ်တွင် တည်ဆောက်ထားသည့် ၎င်းရေလှောင်တမံသည် ယခု အောက်တိုဘာလ ၁၃ရက်နေ့က ဘောဂလိကြီးမြို့နှင့် တောင်ငူမြို့ကို ဖြတ်သန်းသွားလာရသည့် ပလက်ဝတံတားရေနစ်မြုပ်သွားသဖြင့် ဒေသခံများ ကုန်ကူးသန်းရောင်းဝယ်၍ မရတော့ကြောင်း ကရင်အမျိုးသားအစည်းအရုံး-KNU တောင်ငူခရိုင် ဥက္ကဋ္ဌ ပဒိုစောအယ်ဝါးက ကေအိုင်စီသို့ပြောသည်။

ပဒိုစောအယ်ဝါးက “သောက်ရေခပ်နဲ့ မြစ်ငန်းချောင်း နှစ်ခုက စီးလာတဲ့ရေတွေက ဆက်မသွားနိုင်တော့ဘဲ တောင်ကုန်းပေါ်မှာရှိတဲ့တံတားလည်းရေမြုပ်သွားတယ်။ သွားလာလို့ မရတော့ဘူး။ နောက်အနီးအနားမှာရှိတဲ့ တောင်သူတွေရဲ့ ခြံတွေကော မင်းကွတ်သီး၊ ကွမ်း၊ ဖာလာနဲ့ ဒူးရင်းသီးခြံတွေကော အဲဒီဒေသကထွက်တဲ့ အသီးအနှံတွေအကုန်ဆုံးရှုံးသွားတယ်”ဟု ပြောသည်။

သောက်ရေခပ် ရေလှောင်တမံ ပိတ်ဆို့မှုနှင့် ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူများက ဒေသခံများထံ အသိပေး အကြောင်းကြားခြင်း မရှိသကဲ့သို့ ရေလျှံထွက်မှုကြောင့် ထိုရေလှောင်တမံအနီးရှိ ကျေးရွာပေါင်း ၄၀ခန့်မှ ဒေသခံပြည်သူ တစ်သောင်းကျော်အတွက် စီးပွားရေး ထိခိုက်နစ်နာပြီး ဆုံးရှုံးမှုများစွာရှိနေကြောင်း ပဒိုစောအယ်ဝါးက ဆက်ပြောသည်။

အောက်တိုဘာလ ၁၃ရက်နေ့က ၎င်းရေလှောင်တမံဆည်ကို မည်သည့်အချိန်တွင် စတင်၍ပိတ်ပစ်လိုက်ကြောင်းမသိရှိရသော်လည်း ထိုနေ့ နေ့လည် ၁၁နာရီခန့်တွင် ပလက်ဝတံတား ရေနစ်မြုပ်နေပြီဖြစ်ကာ ယနေ့အထိ နစ်မြုပ်နေဆဲဖြစ်၍ တောင်ငူဒေသခံများမှာ တစ်ရက်လျှင် ဝင်ငွေသိန်းရာနှင့်ချီပြီးထိခိုက်ရကြောင်းလည်း တောင်ငူဒေသခံ တစ်ဦးက ပြောသည်။

၎င်းက “ရေတွေက အောက်ဘက်ကို ဆက်စီးလို့ မရတော့ဘဲနဲ့ အပေါ်ကိုပြန်တက်သွားပြီး ရေလျှံသွားတာ၊ အခု တံတားက အစအနလုံးဝ မမြင်ရတော့လောက်အောင် ရေမြုပ်သွားပြီ။ ဒါကြောင့် ဒီနေ့အထိ ဘာပစ္စည်းမှသယ်လို့ကို မရတော့ဘူး”ဟု ပြောသည်။

သောက်ရေခပ် ချောင်းပေါ်တွင် တည်ဆောက်ထားကာ တောင်ငူမြို့အရှေ့ဘက်မိုင် ၂၄မိုင်ခန့်ကွာတွင် တည်ရှိသည့် ပလက်ဝတံတားသည် သောက်ရေခပ်ရေလှောင်တမံနှင့် ၁၀မိုင်အကွာအဝေး ရှိပြီး တောင်ငူမြို့၏ကုန်းမြင့်ပိုင်းတွင် တည်ရှိ သည်။

သောက်ရေခပ် ရေလှောင်တမံကို ယခုနှစ်၊ နိုဝင်ဘာလတွင် အပြီးဆောက်လုပ်၍ လျှပ်စစ်ဓာတ်အား ၄၀ မဂ္ဂါဝပ် စတင် ထုတ်လုပ်နိုင်ရန် ကြိုးပမ်းလျှက်ရှိပြီး ထိုရေလှောင်တမံကြောင့် ရေဝပ်မည့် ဧရိယာမှ ဥယျာဉ်ခြံဧကပေါင်း ၅၆ဧကအတွက် မြန်မာကျပ်ငွေ သိန်းနှစ်ထောင်နီးပါးကိုသာ ပေးဆောင်ခဲ့သေးကြောင်း သိရသည်။

ပြီးခဲ့သည့် စက်တင်ဘာလ ၂၅ရက်နေ့က သောက်ရေခပ်ရေလှောင်တမံ တည်ဆောက်မှုနှင့် ပတ်သက်၍ စိုးရိမ်မှုရှိကြောင်း ဆန္ဒထုတ်ဖော်ပွဲတစ်ခုကို ဒေသခံကျေးရွာလူထု ၂၀၀ဦးခန့်က တောင်ငူခရိုင်ရှိ KNU ထိန်းချုပ်နယ်မြေ၌ ပြုလုပ်ခဲ့ကြသေးသည်။ ❑❑❑

# KNUအတွင်း ပြန်လည်သင့်မြတ်ရေးနှင့် ညီညွတ်မှုရှိရန် KYO ဆွေးနွေး

**အောက်တိုဘာလ ၁၇ရက်၊ ၂၀၁၂ခုနှစ်။**

**ဖိုးခွါးလေး (ကေအိုင်စီ)**

ကရင်အမျိုးသားအစည်းအရုံး-KNU အတွင်း ပြန်လည်သင့်မြတ်စေရေးနှင့် စည်းလုံးညီညွတ်မှုဖြစ်လာရန် ထိုင်း– မြန်မာနယ်စပ်တစ်နေရာတွင် ယမန်နေ့က ကရင်လူငယ်အစည်းအရုံး-KYOမှ ကမကထပြုလုပ်ကာ အစည်းအဝေး ကျင်းပခဲ့သည်။

၎င်းအစည်းအဝေးတွင် လက်ရှိ ကေအဲန်ယူ အတွင်း ဖြစ်ပေါ်နေသည့် ပဋိပက္ခရာများကို မည်သည့်နည်းလမ်းဖြင့် ဝိုင်းဝန်းဖြေရှင်းကြမည်ကို ကရင်လူငယ်အဖွဲ့အစည်းအသီးသီးများက တက်ရောက်ဆွေးနွေးခြင်းဖြစ်ဟု ကရင်လူငယ်အစည်းအရုံး ဒုဥက္ကဋ္ဌ စောအဲ့ကလူစေးက ယခုလို ပြောသည်။

“အခု ကေအဲန်ယူအတွင်း ဖြစ်ပေါ်ခဲ့တဲ့ ပြဿနာတွေဟာ လူငယ်များအနေနဲ့ ဘယ်အခန်းကဏ္ဍမှာ ပါဝင်တော့ ဘယ်လိုဝိုင်းဝန်းဖြေရှင်းကြ မယ်ဆိုတာကို ဆွေးနွေးတိုင်ပင်ကြတာဖြစ်တယ်။ အဓိကတော့ တစ်ဖွဲ့နဲ့တစ်ဖွဲ့ စည်းလုံးစေချင်တယ်”ဟု စောအဲ့ကလူစေးက ကေအိုင်စီသို့ ပြောသည်။

အစည်းအဝေးတွင် KYO မှ လူငယ်များ၊ ဗုဒ္ဓဘာသာကိုယ်စားပြုသည့် လူငယ်များ၊ ခရစ်ယာန်ကိုယ်စားပြုသည့် လူငယ်များ၊ ကရင်ဒုက္ခ သည်စခန်းရှိ လူငယ်များနှင့် အခြားလူငယ်များ စုစုပေါင်း ၃၇ဦး တက်ရောက်ဆွေးနွေးခဲ့သည်။

ကေအဲန်ယူ ဗဟိုခေါင်းဆောင်အတွင်း ဖြစ်ပေါ်ခဲ့သည့် ပဋိပက္ခများကိုအပေါ် အစည်းအဝေးတွင် တက်ရောက်ခဲ့သည့် လူငယ်အဖွဲ့အသီးသီးမှ ၎င်းတို့၏ အမြင်သဘောထားများနှင့် ရှေ့ဆောင်အတူတကွ စည်းလုံးညီညွတ်ရန် မည်သို့လုပ်ဆောင်သွားရမည်ကို တစ်ဖွဲ့ချင်းဆီမှ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

လက်ရှိဖြစ်ပေါ်နေတဲ့ ပြဿနာတွေကို ကျနော်တို့ လူငယ်ထုအနေနဲ့ စိုးရိမ်တာပေါ့နော်။ ကိုယ့်မိခင် အဖွဲ့အစည်းကို ကွဲထွက်တာတွေ မမြင်စေချင်ဘူး။ နောက် ဘာကြောင့် အဲလိုမျိုးဖြစ်ရသလဲဆိုတာကို ဆွေးနွေးခဲ့တယ်။ နောင် မဖြစ်အောင် ဘယ်လိုလုပ်ကြမလဲဆိုတာကို တိုင်ပင်ဆွေးနွေးကြတာဖြစ်တယ်”ဟု အစည်းအဝေးတက်ရောက်သူ လူငယ်တစ်ဦးက ပြောသည်။

အစည်းအဝေးတွင် ဆွေးနွေးသွားသော အချက်များအား သဘောထားအဆင့်သာ ချမှတ်ခဲ့ပြီး အတည်ပြုချက်ရရှိရေးအတွက် ဆက်လက် ဆွေးနွေးလုပ်ဆောင်သွားရန် အစီအစဉ်ရှိသည်ဟု သိရသည်။

ကရင်လူငယ်များ၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာ စသည့် စွမ်းရည်များ မြှင့်တင်ရန် ရည်ရွယ်၍ ၁၉၈၉ခုနှစ်၊ မေလ ၂၃ရက်နေ့တွင် ကရင်လူငယ်အစည်းအရုံး(KYO)ကို စတင် တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ ❑❑❑



ကရင်လူငယ်အစည်းအရုံးမှ ကရင်လူငယ်များ ဆွေးနွေးနေစဉ်

Karen Information Center မှ လစဉ် ထုတ်ဝေဖြန့်ချီသည်။

# အစ်ဒ်နေ့ ဆီးရီးယားအပစ်ရပ် ချိုးဖောက်မှု ထိပ်တန်းသံတမန်တွေ စိတ်ပျက်

ဗွီအိုအေ (မြန်မာပိုင်း)

၂၉၊ ၁၀၊ ၂၀၁၂



မူစလင်တွေရဲ့ အစ်ဒ်ပွဲတော်ကာလအတွင်း ဆီးရီးယားနိုင်ငံမှာ အပစ်အခတ်ရပ်စဲထားနိုင်ရေး ကြိုးပမ်းချက် မအောင်မမြင် ဖြစ်ခဲ့တဲ့အပေါ် နိုင်ငံတကာသံတမန်တွေက အကြီးအကျယ်စိတ်ပျက်ကြောင်း ပြောဆိုကြပါတယ်။

ကုလသမဂ္ဂနဲ့ အာရပ်ဘ်အဖွဲ့ချုပ်တို့ရဲ့ အထူးသံတမန် Lakhdar Brahimi ကြားဝင် စေ့စပ်ပေးခဲ့တဲ့ အပစ်ရပ်သဘောတူညီချက်ကို သမ္မတဘာရှာ အယ်လ်-အာဆဒ်အစိုးရစစ်တပ်ကရော သူပုန်တွေဘက်ကပါ ချိုးဖောက်ခဲ့ကြတာပါ။

တိုက်ခိုက်မှုတွေ ရပ်ဆိုင်းသွား ကူညီဖို့အတွက် နိုင်ငံတကာအသိုက်အဝန်းအနေနဲ့ ဒီ့ထက်ပိုပြီး လုပ်ဆောင်ရမယ်လို့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက တောင်ကိုရီးယားနိုင်ငံမှာ တနင်္လာနေ့က ပြောခဲ့ပါတယ်။

တိုက်ပွဲတွေဆက်ဖြစ်နေတဲ့အတွက် စိတ်မကောင်းဘူးလို့ ရုရှားနိုင်ငံ၊ မော်စကိုမြို့တော်မှာ ရောက်နေတဲ့ အထူးသံတမန် ဘရာဟီမီက ပြောပေမဲ့ သူကြားဝင်စေ့စပ်ပေးခဲ့တဲ့ သဘောတူညီချက်ဟာ ဘယ်တုန်းကမှ တရားဝင် အပစ်ရပ် သဘောတူညီချက်တခု မဟုတ်ခဲ့ဘူးလို့ ပြောပါတယ်။ ဘရာဟီမီဟာ ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျေးလက်ဗ်ရော့ဗ်နဲ့ ဆွေးနွေးဖို့ ရုရှားနိုင်ငံမှာ ရောက်နေတာပါ။

# ဆန္ဒပြပွဲတွေကြောင့် တရုတ် ဓာတုစက်ရုံ စီမံကိန်း ဆိုင်းငံ့

တရုတ်နိုင်ငံ အရှေ့ပိုင်းမှာ ရေနံ ဓာတုစက်ရုံတခု တည်ဆောက်မယ့် စီမံကိန်းကို ဒေသတွင်း လေထုညစ်ညမ်းမှုတွေ ဖြစ်လာမှာကို စိုးရိမ်ကြတဲ့ ဒေသခံတွေက ရက်တွေနဲ့ချီ ဆန္ဒပြခဲ့ကြတာမို့ အဲဒီဒေသက အာဏာပိုင်တွေက စီမံကိန်းကို ယာယီ ရပ်ဆိုင်းလိုက်ပါတယ်။ ဒီစီမံကိန်းကြောင့် ဖြစ်လာနိုင်တဲ့ သဘာဝပတ်ဝန်းကျင် ဘေးဆိုးတွေနဲ့ ပတ်သက်လို့ သိပ္ပံနည်းကျ လေ့လာသုံးသပ်မှုတွေ လုပ်နေချိန်မှာ စီမံကိန်းတိုးချဲ့တည်ဆောက်မယ့် အစီအစဉ်ကို ဆိုင်းငံ့ထားမယ့်အကြောင်း Ningbo မြို့က မြို့နယ်စည်ပင်အရာရှိတွေက ပြောပါတယ်။ Ningbo မြို့ရဲ့ Zhenhai ကမ်းရိုးတန်းဒေသမှာ ဆောက်လုပ်မယ့် ရေနံချက်စက်ရုံကို တရုတ် ရေနံကုမ္ပဏီကြီးတခုဖြစ်တဲ့ Sinopec ရဲ့ လက်အောက်ခံ ကုမ္ပဏီတစ်ခုက ပိုင်တာပါ။



ဗွီအိုအေ (မြန်မာဌာန) ၂၈၊ ၁၀၊ ၂၀၁၂

ခုလို ဒေသခံအစိုးရက စီမံကိန်း ရွှေ့ဆိုင်းမှုတွေ ဖြစ်လာတဲ့အထိ ဖြစ်ခဲ့တဲ့ တက်ကြွလှုပ်ရှားသူတွေရဲ့ ရက်တွေနဲ့ချီ လမ်းပေါ်ထွက် ဆန္ဒပြမှုတွေကို ထောင်နဲ့ချီတဲ့ Ningbo ဒေသခံတွေကပူးပေါင်းခဲ့ကြတယ်လို့ မျက်မြင်သက်သေတွေကပြောပါတယ်။ တချို့ဆန္ဒပြသူတွေက မော်တော်ကားတွေကို ပြောင်းပြန်လှန်ပြီး ရဲတွေကို မထေမဲ့မြင် လုပ်တာတွေ ရှိခဲ့တယ်လို့ အာဏာပိုင်တွေက ပြောဆိုခဲ့ကြသလို ဆန္ဒပြသူတွေကလည်း သူတို့ကို လူစုခွဲခဲ့ဖို့ ရဲတွေက မျက်ရည်ယိုဗုံးတွေသုံးပြီး နှိမ်နင်းခဲ့တယ်လို့ ဆိုပါတယ်။

ဒီဓာတုစက်ရုံနဲ့ ပတ်သက်ပြီး ဒေသခံတွေရဲ့ တိုင်တန်းပြောဆိုမှုတွေကို နားထောင်ဖို့ စနေနေ့ ညပိုင်းက ဒေသခံတွေကို Ningbo မြို့တော်ဝန်နဲ့ ကွန်မြူနစ်ပါတီ အကြီးအကဲတို့က တွေ့ဆုံခဲ့တဲ့အကြောင်း တာဝန်ရှိသူတွေက ပြောပါတယ်။ ဒေသအစိုးရအနေနဲ့ ဒီစီမံကိန်းကို အပြီးသတ်ရပ်ဆိုင်းမလား၊ ဒါမှမဟုတ် လူထုရဲ့ဖိအားတွေ မရှိတော့တဲ့အခါ ဒီစီမံကိန်းကို ပြန်စမလားဆိုတာ လောလောဆယ် သေသေချာချာ မသိရသေးပါဘူး။

# အကြမ်းဖက်ဖို့ ကြံစည်မှုနဲ့ လူ ၁၁ယောက်ကို အင်ဒိုနီးရှားမှာ ဖမ်းဆီး

ဗွီအိုအေ (မြန်မာဌာန) ၂၇၊ ၁၀၊ ၂၀၁၂



ဂျကာတာမြို့တော်က အမေရိကန်သံရုံးနဲ့ တခြား ပြည်တွင်းပြည်ပက ပစ်မှတ်တွေကို တိုက်ခိုက်ဖို့ ကြံစည်သူတွေအဖြစ် သံသယရှိသူ လူပေါင်း ၁၁ ယောက်ကို ဖမ်းဆီးလိုက်တဲ့အကြောင်း အင်ဒိုနီးရှား ရဲတပ်ဖွဲ့က ပြောပါတယ်။ အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေး အထူးတပ်ဖွဲ့က ခရိုင် ၄ခုမှာ ဖမ်းဆီးမှုတွေ လုပ်ခဲ့တာလို့ အင်ဒိုနီးရှားရဲတပ်ဖွဲ့ ပြောခွင့်ရသူ Suhardi Alius က စနေနေ့မှာ ပြောလိုက်တာပါ။

တိုက်ခိုက်မှုတွေကို ဆက်တိုက်ဆိုသလို လုပ်ဆောင်ဖို့ စီစဉ်နေတယ်လို့ မသင်္ကာတဲ့အတွက် မကြာခင်ကမှ အသစ်ဖွဲ့စည်းလိုက်တဲ့ အင်ဒိုနီးရှား Harakah ဆွန်နီလှုပ်ရှားမှု အဖွဲ့ဝင်တွေကို ဖမ်းဆီးခဲ့တာလို့လည်း ပြောပါတယ်။

တိုက်ခိုက်ဖို့ ပစ်မှတ်အဖြစ် ရွေးချယ်ထားတဲ့ အထဲမှာတော့ ဂျကာတာမြို့က ဩစတြေးလျ သံရုံးအနီးမှာရှိတဲ့ ကုန်တိုက်တခု၊ အမေရိကန် သတ္တုတွင်းလုပ်ငန်းကြီးတခုဖြစ်တဲ့ Freeport-McMoRan ရဲ့ ဒေသခံရုံးခန်း တခုနဲ့ Surabaya မှာရှိတဲ့ အမေရိကန်ကောင်စစ်ဝန်ရုံးတွေ သာမက အလယ်ဂျာဗားမှာရှိတဲ့ ရဲစခန်းတခုလည်း ပါဝင်တယ်လို့ ပြောပါတယ်။ ဖမ်းဆီးမှုတွေအတွင်း ဗုံးတွေ၊ ကျည်ဆံတွေ၊ စနက်တံတွေ၊ ဗုံးလုပ်နည်း စာရွက်စာတမ်းတွေနဲ့ တခြား ဖောက်ခွဲရေးပစ္စည်းတွေကိုပါသိမ်းဆည်းရမိတယ်လို့လည်းအာဏာပိုင်တွေက ပြောပါတယ်။

ဖမ်းဆီးမှုအပေါ် အမေရိကန်နဲ့ ဩစတြေးလျ သံရုံးတွေကတော့ တစုံတရာ မှတ်ချက်ပေး ပြောဆိုတာမျိုး မရှိသလို၊ အကြမ်းဖက် တိုက်ခိုက်ဖို့ ကြံစည်မှုဟာ ဘယ်လောက်အထိ ခရီးရောက်နေပြီဆိုတာကိုလည်း အာဏာပိုင်တွေက ထုတ်ဖော်မပြောကြပါဘူး။



Karen Information Center မှ လစဉ် ထုတ်ဝေဖြန့်ချီသည်။

# မန်ယူကို ရှုံးသည့်ပွဲတွင် ကိုင်တွယ်သော ဒိုင်အတွက် ချယ်လ်ဆီး အရေးဆို



**Monday,29 October 2012 17:56**

ချယ်လ်ဆီး အသင်းသည် ပရီးမီးယားလိဂ် အဖွဲ့ချုပ်ထံသို့ ဒိုင်လူကြီး မာ့ခ်ကလက်တန်ဘာ့ဂ်၏ ပွဲအပေါ် ကိုင်တွယ်မှုများနှင့် ပတ်သက်ပြီး အရေးဆိုမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အိမ်ကွင်းတွင် မန်ချက်စတာ ယူနိုက်တက်အား (၃–၂)ဖြင့် အရေးနိမ့်သော ပွဲစဉ်တွင် ဒိုင်လူကြီး ကလက်တန်ဘာ့ဂ်သည် မိမိတို့အသင်းမှ ကစားသမား (၂)ဦးအား မနှစ်မြို့စရာ အသုံးအနှုန်းများ ပြောဆိုခဲ့ကြောင်း ချယ်လ်ဆီးက စွပ်စွဲခဲ့သည်။ လက်ရှိ ဥရောပ ချန်ပီယံအသင်းသည် ကလက်တန်ဘာ့ဂ်နှင့် ပတ်သက်ပြီး တိုင်ကြားမှု ပြုလုပ်ထားကြောင်း အတည်ပြုခဲ့သည်။ ကလပ်အသင်း ပြောရေးဆိုခွင့်ရ အရာရှိ တစ်ဦးက “ကျွန်တော်တို့ဟာ ပရီးမီးယားလိဂ် စည်းမျဉ်းရေးရာ အဖွဲ့ဆီကို တိုင်ကြားထားပါတယ်။ ဒိုင်ဟာ ကျွန်တော်တို့ရဲ့ ကစားသမား နှစ်ယောက်ကို မတူညီတဲ့ ဖြစ်စဉ်နှစ်ခုမှာ မနှစ်မြို့စရာ အသုံးအနှုန်းတွေနဲ့ ပြောဆိုခဲ့ပါတယ်”ဟု ပြောကြားသွားသည်။

အဆိုပါ တိုင်ကြားမှုသည် FAအဆင့်ထိ တက်ရောက်မည်ဟုလည်း ၎င်းက ဆိုသည်။ “ခုချိန်မှာတော့ ကျွန်တော်တို့ ဘာမှနောက်ထပ် မှတ်ချက်မပေးလိုသေးပါဘူး”ဟုလည်း ချယ်လ်ဆီး ပြောရေးဆိုခွင့်ရ အရာရှိက ပြောကြားသွားသည်။ ချယ်လ်ဆီးသည် မန်ယူအသင်း အနိုင်ဂိုးကို သွင်းယူပြီးနောက် ဟာဗီးယား ဟာနန်ဒက်ဇ် အောင်ပွဲခံစဉ် ချယ်လ်ဆီး ပရိသတ်များက ကွင်းအတွင်း အရာဝတ္ထုများနှင့် ပစ်ပေါက်သဖြင့် ကွင်းလုံခြုံရေးတစ်ဦး ဒဏ်ရာရသွားသော ဖြစ်စဉ်အတွက်လည်း စုံစမ်းမည်ဟု ဆိုသည်။ ယင်းလုံခြုံရေးမှာ ဒဏ်ရာရခဲ့သည့်နောက် ကွင်းအတွင်းတွင်ပင် လှဲလျောင်းကာ ကုသမှု ခံယူခဲ့ရပြီး နောက်ပိုင်းတွင်မှ ဆေးရုံပါ တက်ခဲ့ရကြောင်း သိရသည်။

# သာမန်ထက် အဆမတန်ကြီးမားသော အရိုးစုကြီး တွေ့ရှိ

ဆော်ဒီအာရေဘီးယား နိုင်ငံအတွင်းရှိ အိုမန်၊ ယီမင်နိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်နေသော ဗလာရပ်ကွက်ခေါ် အာရဗီဘာသာစကားနှင့် Rab-uikhaleeအမည်ရှိ ကမ္ဘာ့အကြီးဆုံး သဲကန္တာရအတွင်းတွင် သာမန်လူခန္ဓာကိုယ်ထက် အဆမတန်ကြီးမားသော အရိုးစုကြီးကို တူးဖော်တွေ့ရှိခဲ့ရကြောင်း သိရသည်။ အမေရိကန်ရေနံရှာဖွေတူးဖော်ရေးကုမ္ပဏီတစ်ခုဖြစ်သော Aramco ကုမ္ပဏီသည် အဆိုပါသဲကန္တာရ အတွင်းရေနံရှာဖွေစဉ်တူးဖော်တွေ့ရှိခဲ့ရခြင်းဖြစ်ပြီး ဆော်ဒီအာရေဘီးယား ဘာသာရေးအသင်းက ထိုနေရာကို သိမ်းဆည်းထားခဲ့ကြောင်းသိရသည်။ သို့သော် စစ်ဘက်သုံး ရဟတ်ယာဉ်များက ယင်းလူရိုးစုများကိုမှတ်တမ်းတင်ဓာတ်ပုံများရိုက်ကူးခဲ့သည်။အမေရိကန်နိုင်ငံနယူးယောက်မြို့ရှိ HydeParkသို့ ပို့ဆောင်ပေးခဲ့သည်။ သိပ္ပံပညာရှင်များက အဆိုပါလူရိုးစုဓာတ်ပုံများကို လေ့လာစူးစမ်းမှုများ ပြုလုပ်ခဲ့ကြသည်။ လေ့လာစူးစမ်းသူများ၏ အဆိုအရ ရှေးခေတ်ထိုလူသားမျိုးနွယ်စုများသည် ဆော်ဒီနှင့်အိန္ဒိယနိုင်ငံမြောက်ပိုင်းဒေသတစ်ဝိုက်တွင်ကျင်လည်ကျက်စားခဲ့ကြောင်း မှန်းဆခဲ့ကြသည်။



# ကြောင်တစ်ကောင်၏ ခေါင်းဆောင်ရာသို့ လိုက်ပါရင်းလွန်ခဲ့သည့် နှစ် ၂၀၀၀ကျော်က ရောမသင်္ချိုင်းတစ်ခုကိုတွေ့ရှိ

အီတလီနိုင်ငံ ရောမမြို့သားတစ်ဦးဖြစ်သည့် မိုင်ကိုကာပီဆို ဆိုသူသည် အောက်တိုဘာ ၁၆ရက်နေ့ ညပိုင်းတွင် အိမ်မွေးကြောင်တစ်ကောင်၏ လမ်းပြခေါ်ဆောင်ရာသို့ လိုက်ပါသွားရာ လွန်ခဲ့သည့် နှစ်၂,၀၀၀ကျော်က ရောမခေတ်ဂူသင်္ချိုင်းတစ်နေရာကို တွေ့ရှိခဲ့ရကြောင်း အောက်တိုဘာ၁၉ရက် သတင်းများတွင် ဖော်ပြခဲ့သည်။ ကာပီနှင့် ၎င်း၏ မိတ်ဆွေတစ်ဦးတို့သည် ည၁၀နာရီခန့်တွင် အဆိုပါကြောင်၏ အသံပေး ခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွားခဲ့ရာ ၎င်းတို့နေအိမ်နှင့် မကွာဝေးလှသော မာဒီပီထရာလာတာ ရပ်ကွက်အနီးတွင် ရောမသင်္ချိုင်းအတွင်းသို့ မမျှော်လင့်ဘဲ တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ထိုရောမသင်္ချိုင်းသည် ဝင်ပေါက်အတွင်းသို့ ဝင်ရောက်ကြည့်သည့်အခါ ထူးဆန်းအံ့ဩဖွယ် ရောမခေတ်ဂူသင်္ချိုင်းတို့၏ အပြင်အဆင်အခမ်းအနားနှင့် လူအရိုးစုများကို တွေ့ရှိရကြောင်း သိရသည်။ ယင်းရောမသင်္ချိုင်းဂူ၏ အစိတ်အပိုင်း အတော်များများသည် ပျက်စီးယိုယွင်းနေပြီဖြစ်ပြီး ဘီစီတစ်ရာစုမှ အေဒီနှစ်ရာစုခေတ်အတွင်း ရောမတို့၏ အနုပညာလက်ရာများဖြစ်ကြောင်း အီတလီ ရှေးဟောင်းသုတေသနပညာရှင်များက အတည်ပြုပြောကြားခဲ့သည်။

**အားကစားသတင်းနှင့် ထူးဆန်းထွေလာသတင်းများကို စကောလ်မြန်မာ နှင့် စွယ်စုံအင်တာနက် စာမျက်နှာမှ ကူးယူဖော်ပြပါသည်၊**

# နေမာကို ခေါ်ယူနိုင်တော့မည် ဆိုခြင်းအား ဘာစီလိုနာ ငြင်းဆို



**Monday,29 October 2012 22:13**

နေမာကို ခေါ်ယူရန် သဘော တူညီမှု ရရှိထားပြီ ဆိုသော သတင်းများကို ဘာစီလိုနာ အသင်းက ငြင်းဆန် သွားခဲ့သည်။

ဆန်းတို့စ် အသင်းမှ ဘရာဇီးလ် လက်ရွေးစင် တိုက်စစ်မှူးကို လာမည့် နွေရာသီတွင် ဘာစီလိုနာက စာချုပ်မည်ဟု တောင်အမေရိက သတင်းဌာနများက ဖော်ပြခဲ့သည်။ နေမာအတွက် ဘာစီလိုနာက ယူရို(၁၀)သန်း ကြိုတင်ပေးချေကာ ကစားသမားအတွက် ယူရိုသန်း(၅၀)တန် အပြောင်းအရွှေ့ကိစ္စ ကြိုတင် သဘောတူညီထားကြောင်း သတင်းများကို စပိန်ထိပ်တန်း ကလပ်အသင်းက ပယ်ချခဲ့သည်။ ဆန်းတို့စ်ဘက်ကလည်း အစောပိုင်းက အဆိုပါသတင်းများကို ငြင်းဆန်ထားခဲ့ပြီး ဖြစ်သည်။

အသက်(၂၀)သာ ရှိသေးသော ဘရာဇီးလ် လူငယ်သွေးသစ် ကစားသမားလေးအား ဘာစီလိုနာအပြင် ရီးယဲလ်မက်ဒရစ်နှင့် ချယ်လ်ဆီးအသင်းများကလည်း အလိုရှိနေကြသည်။ ဘာစီလိုနာ အားကစား ဒါရိုက်တာ အန်ဒိုနီ ဇူဘီဇာရက်တာက “ဒီသတင်းတွေအကြောင်း ကျွန်တော် မရှင်းပြတတ်တော့ဘူး။ နေမာဟာ ဆန်းတို့စ်ရဲ့ ကစားသမားပါ။ သူဟာ စာချုပ်အရ (၂၀၁၄)ထိ ဆန်းတို့စ်မှာပဲ ကစားနေမှာ ဖြစ်ပါတယ်”ဟု ဖြေရှင်းခဲ့သည်။ နေမာသည် (၂၀၁၄)ခုနှစ်ထိ ဘရာဇီးလ်တွင်သာ အခြေချ ကစားပြီး အနာဂတ်တွင်မှ ဥရောပတွင် ခြေချရန် ရွေးချယ်လာဖွယ် ရှိနေသည်။

# ပဒိုဒေးဗစ်ထော ဈာပနအခမ်းအနား လူပေါင်း ၁ထောင်နီးပါး တက်ရောက်

**အောက်တိုဘာလ ၁၇ရက်၊ ၂၀၁၂ ခုနှစ်၊**
**နန်းသူးလေ၊ စဖန်းရှောင်း (ကေအိုင်စီ)**

ကရင်အမျိုးသားအစည်းအရုံး(KNU)တပ်မဟာ(၇)နယ်မြေ သေဘောထာ့ဒေသတွင် ယနေ့ ကျင်းပပြုလုပ်ခဲ့သည့် ပဒိုစောဒေးဗစ်ထော ၆၅နှစ်၏ ဈာပနအခမ်းအနားသို့ လူထုပရိသတ် တစ်ထောင်နီးပါး တက်ရောက်ကာ ၎င်း၏ နောက်ဆုံးခရီးကို လိုက်ပါပို့ဆောင်ခဲ့ကြသည်။

ဈာပနသို့ ပဒိုစောဒေးဗစ်ထော၏ မိသားစုဝင်များနှင့်အတူ KNU တပ်မဟာ ၃၊ ၆၊ ၇မှ တပ်မဟာမှူးများ၊ ပဒိုစောအားတိုး၊ ပဒိုစောရောဂျာခင်၊ ပဒိုစောသောသီဘွဲ၊ ပဒိုစောကွယ်ထူးဝင်း၊ ပဒိုစောထဲဒယ်၊ ပဒိုစောလေးလော်ဆော၊ပဒိုစောရွှေမောင်း၊ ပဒိုမန်းငြိမ်းမောင် အပါအဝင် အရပ်ဖက်၊ စစ်ဖက်တာဝန်ရှိခေါင်းဆောင်များ၊ အထူးညှိသည့်အဖြစ် ထားဝယ်မင်းသမီးကုမ္ပဏီမှ မန်းနေဂျင်းဒါရိုက်တာ ဦးငွေစိုးနှင့် ငြိမ်းချမ်းရေး အကျိုးတော်ဆောင်များ၊ ပရဟိတ သွေးလှူရှင်များအဖွဲ့မှ သရုပ်ဆောင်ဝေဠုကျော်တို့အပြင် ဒေါက်တာစင်သီယာမောင်၊ မဟာမိတ်အဖွဲ့အစည်းများ၊ ပါတီဝင်များ၊ နိုင်ငံခြားရောက်မိတ်ဆွေများနှင့် နိုင်ငံခြားသားများ တက်ရောက်ခဲ့ကြသည်။

"ပါပါးဟာ ကျနော်တို့ရဲ့ အိမ်ထောင်ဦးစီးပါ။ သူဟာ အမျိုးသားရေးအတွက် ပင်ပင်ပမ်းပမ်း အလုပ်လုပ်ခဲ့တာကို ကျနော်တို့ ငယ်ငယ်လေးကတည်းက တွေ့မြင်ခဲ့ရတယ်။ ကျနော်တို့ကိုလည်း မှန်မှန်ကန်ကန် လုပ်ဆောင်ဖို့ အမြဲသွန်သင်ခဲ့တာမို့ ကျနော်တို့ မိသားစု အတွက် သူ့ရဲ ... ကောင်းတစ် ... ယောက်ပါပဲ။ Peace ... processနဲ့ ... ပတ်သက် ... လို့ လေး ... ပင်တဲ့ အ ... ရာကို ... ခ န ... ထား ... ပြီး ... နောက်မှ ဆက်လုပ်သွားရမယ်လို့ပြောတယ်။ ကရင်တွေ ကွဲကွာတာလည်း သူ မမြင်ချင်ဘူး။ ဒီတော့ အခွင့်အရေးရသမျှ အဆုံးထိ လုပ်သွားမယ်လို ပြောခဲ့ပါတယ်"ဟု ပဒိုစောဒေးဗစ်ထော၏သားငယ် စောအယ်ကော်ထောက ကေအိုင်စီသို့ ပြောသည်။

အခမ်းအနားကို နံနက် ၁၁ နာရီခွဲမှ စတင်ပြီး ခရစ်ယာန်ဘာသာဖြင့် ဝတ်ပြုဆုတောင်းခြင်း၊ ဓမ္မတေးသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ ပဒိုစောဒေးဗစ်ထော၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ ဖတ်ကြားခြင်း၊ KNU ဗဟိုဌာနချုပ် အပါအဝင်၊ ကရင်လူထုအခြေပြုအဖွဲ့အစည်းအချို့နှင့် မဟာမိတ်အဖွဲ့အစည်းများမှ ပေးပို့သည့် ဝမ်းနည်းကြောင်း သဝဏ်လွှာများကို ဖတ်ကြားခဲ့ကြသလိုဗိုလ်ချုပ်ကြီးမူတူးစေးဖိုးက အမှာစကားပြောဆိုခဲ့ရာ လုပ်ဖော်ကိုင်ဖက်တဦး ဆုံးရှုံးသွားသော်လည်း ငြိမ်းချမ်းရေးလုပ်ငန်းကို လူထုလိုလားပါက ဆက်လုပ်သွားရမည် ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

ပဒိုစောဒေးဗစ်ထော၏ ဈာပနသို့ ကိုယ်တိုင် လိုက်လံပို့ဆောင်ပေးသူ စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း ဦးဘိုသောင်းက "သူက အရမ်းကို စိတ်သဘောထားကောင်းတယ်။ အများအကျိုးအတွက်လည်း စွန့်စွန့်စားစားနဲ့ လုပ်ဆောင်ပေးတယ်။ အခုလက်ရှိ ငြိမ်းချမ်းရေးဆွေးနွေးနေတဲ့အချိန်မျိုးမှာ ပါဝင်လုပ်ဆောင်နေသူတစ်ဦးအနေနဲ့ငြိမ်းချမ်းရေးပန်းတိုင်မရောက်ခင် သေဆုံးသွားတဲ့အတွက် ပြောမပြတတ်အောင် ဝမ်းနည်းရပါတယ်"ဟု ပြောသည်။

KNU ဖားအံခရိုင်မှ အမြဲတမ်းကော်မတီဝင် မန်းဘထွန်း ကလည်း "အခုလိုဆုံးရှုံးသွားတာ အခုလုပ်နေတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ထိခိုက်မှုတော့ရှိတာပေ့ါနော်။ ဘာပဲဖြစ်ဖြစ် ကျန်ရှိနေသေးတဲ့ ခေါင်းဆောင်တွေအနေနဲ့လည်း စစ်မှန်တဲ့ ငြိမ်းချမ်းရေးရရှိဖို့အတွက် ဆက်လက်ကြိုးပမ်းသွားကြရဦးမှာပါ"ဟုကေအိုင်စီသို့ ပြောသည်။

အခမ်းအနား အစီအစဉ် ပထမပိုင်း ဝတ်ပြုဆုတောင်းခြင်းအပြီးတွင် ဒုတိယပိုင်းအဖြစ် သမ္မတရုံးဝန်ကြီးဦးစိုးသိန်း၊ ဦးအောင်မင်း၊ ပြည်ထောင်စုဝန်ကြီးဦးခင်ရီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး စောထွန်းအောင်မြင့်၊ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီးအောင်လွင်၊တောင်ကလေးဆရာတော် စသည့်ပြည်တွင်းမှ အထင်ကရ ပုဂ္ဂိုလ်များအပြင် အဖွဲ့အစည်းအသီးသီးမှ လွမ်းသူ့ပန်းခွေများကို ပေးပို့လာခဲ့သည်။

၎င်းနောက် ပရိသတ်များမှ လွမ်းသူ့ပန်းခွေများကိုင်ဆောင်ပြီး ပဒိုစောဒေးဗစ်ထော၏ရုပ်အလောင်းကို အုတ်ဂူတည်ရှိရာ ပို့ဆောင်ခြင်း၊ ဗိုလ်ချုပ်ကြီးမူတူးစေးဖိုး၏ အမိန့်စာကို တပ်မဟာ(၇)ရုံးထိုင်မှူး ဗိုလ်မှူးအဲ့ဆဲဆဲမှ ဖတ်ကြားခြင်းအပြင် စစ်ဘက်ဆိုင်ရာ အစီအစဉ်ဖြင့် ပြုလုပ်ခဲ့ကာ အခမ်းအနားကို နေ့လည် ၂နာရီခွဲတွင် အဆုံးသတ်ခဲ့သည်။

ပဒိုစောဒေးဗစ်ထောသည် ပြီးခဲ့သည့် အောက်တိုဘာလ ၁၄ ရက်နေ့က ရန်ကုန်တိုင်း၊ မင်္ဂလာဒုံ စစ်ဆေးရုံတွင် ည ၁၀နာရီခွဲကျော်၌ အဆုတ်ရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်။ ၎င်း၏ရုပ်အလောင်းကို အောက်တိုဘာလ ၁၅ရက်မနက်တွင် နယ်စပ်ဘက်သို့ ပြန်လည်သယ်ဆောင်လာခဲ့ရာ KPP ဥက္ကဌ စောထွန်းအောင်မြင့်၊ဒေါက်တာစိုင်မွန်သာ ဇနီးမောင်နှံ၊ ဖားအံမြို့မှ PSDP မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နန်းစေးအွာနှင့် ငြိမ်းချမ်းရေး အကျိုးဆောင် စောဘိုးနီတို့လာရောက်ပို့ဆောင်ခဲ့သည်။

မိဘများဖြစ်သည့်နော်မေးဖိုးနှင့် ဦးရွှေတောတို့မှ ဧရာဝတီတိုင်း၊ ဟသ်ာတမြို့နယ်၊ သစ်ဖြူချောင်းရွာတွင် ၁၉၄၈ခု၊ မတ်လ ၁၀ရက်နေ့က မွေးဖွားခဲ့သူ ပဒိုစောဒေးဗစ်ထောသည် ၁၉၇၁ခုနှစ်တွင် ရန်ကုန် ဝိဇ္ဇာ–သိပ္ပံတက္ကသိုလ်တွင် သမိုင်းဘာသာအဓိကဖြင့် ဝိဇ္ဇာဘွဲ့ (BA.History) ရရှိခဲ့သည်။

သူသည်ငယ်စဉ်ကတည်းကပင် အမျိုးသားရေးစိတ်ဓါတ်ပြင်းထန်ခဲ့ပြီး ၁၉၇၉ခုနှစ်၊ မေလ ၂၃ရက်နေ့တွင် ကရင့်တော်လှန်ရေးထဲသို့KNU ဖားအံခရိုင်မှ စတင် ဝင်ရောက်ခဲ့သည်။ ၁၉၈၃ခုနှစ်တွင် ခရိုင်မှ ဗဟိုဘဏ္ဍာရေးဌာနသို့ တာဝန်ပေး လွှဲပြောင်းခြင်းခံရပြီး ၁၉၈၆ခုနှစ်တွင် ဥက္ကဌ ဗိုလ်ချုပ်ကြီးစောဘိုမြ၏ရုံးသို့ ပြောင်းရွှေ့တာဝန်ပေးခြင်းခံရပြီးနောက် နိုင်ငံခြားရေးရာကော်မတီ၊ တရားရေးဌာနတာဝန်ခံ စသည်တိုတွင် တာဝန်ပေးအပ်ခံရသည်။

၁၉၈၈တွင် DAB အဖွဲ့တွင်လည်းကောင်း၊ NDF တွင်လည်းကောင်း၊ NHEC တွင်လည်းကောင်း၊ ၂၀၀၄ခုနှစ်တွင် ENC ၏ တိုင်းရင်းသားရေးရာကော်မတီတွင်အတွင်းရေးမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

ထို့အပြင် ၂၀၀၄ခုနှစ်တွင် ဗိုလ်ချုပ်ကြီးစောဘိုမြတို့နှင့် မြန်မာအစိုးရတို ... တွေ့ဆုံ ဆွေး ... နွေးရေး သုံး ... ကြိမ်စလုံး ... တ ... င ... လည်း ... ကောင်း၊ ၂၀၀၅ခုနှစ်တွင်လည်း ကောင်း ပါဝင်ခဲ့သလို ဦးသိန်းစိန် အစိုးရလက်ထက် ၂၀၁၁ခုနှစ်၊အလွတ်သဘော ငြိမ်းချမ်းရေး ဆွေးနွေးပွဲနှင့် ၂၀၁၂ခုနှစ်၊ ဇန်နဝါရီလတွင် ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲတွင် ဦးဆောင်သူတစ်ဦးအဖြစ် လုပ်ဆောင်ခဲ့သည်။

၎င်းကွယ်လွန်ချိန်တွင် ဇနီးဖြစ်သူ နော်ဂျင်းဂျာနှင့် သား ၂ဦး၊ သမီး ၂ဦး ကျန်ရစ်ခဲ့သည်။ ❑❑❑







**ကွယ်လွန်သွားပြီးဖြစ်သော ပဒိုဒေးဗစ်ထော ဈာပန အခမ်းအနား မြင်ကွင်း**


Karen Information Center မှ လစဉ် ထုတ်ဝေဖြန့်ချိသည်။